# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**



၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၃၁၀)


# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းစည်းဝေး ဝန်ကြီးဌာနများနှင့်ပြည်နယ်အစိုးရတို့ပူးပေါင်း၍ နားလည်မှုရှိရှိ ကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် ၂/ ၂၀၁၆ ကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်သန်းထွဋ်က ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/ ၂၀၁၆ ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသလိုအပ်ချက်များကိုလည်းကောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ပြည်နယ်လုံခြုံရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များအားလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



## ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ကြရန်နှင့် ကြုံတွေ့လာရသောအခက်အခဲများကို ဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တိုက်တွန်းမှာကြား

# ကမ္ဘာ့ဘဏ်မှချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ခွဲဝေသုံးစွဲနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ မျှော်မှန်းထားသည့်ရလဒ်များမှာ နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြှင့်တင်တည်ဆောက်ရေး၊ ငွေရေးကြေးရေးဆိုင်ရာအခြေခံအဆောက်အအုံများကို ခေတ်ကာလအခြေအနေနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံ၌ငွေကြေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် လွယ်လင့်တကူနှင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးတို့ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် အဓိကအကြောင်းရင်းများမှာ မြန်မာနိုင်ငံတွင် တရားဝင်ငွေကြေးဝန်ဆောင်မှုများကို အရွယ်ရောက်ပြီးသူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ ရရှိခံစားနိုင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊

*စာမျက်နှာ ၃ ကော်လံ ၁* ○




မြန်မာ့အလင်း

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏သော့ချက် (သို့မဟုတ်) စိုက်ပျိုးရေးစရိတ်အရင်းအနှီး

ဘိုးဘွားစဉ်ဆက် လယ်သမားမျိုးရိုးဖြစ်သော၊ ကိုယ်တိုင်လည်းလယ်သမားဖြစ်သော၊ ခေတ်အမြင်ရှိသကဲ့သို့ စီးပွားရေးအမြင်လည်းရှိသော တောင်သူကြီးတစ်ဦးက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မြှင့်တင်ရေးအတွက် နံပါတ်တစ်အရေးအကြီးဆုံးသည် စိုက်ပျိုးရေးစရိတ်ကို ပြည့်ပြည့်စုံစုံ၊ အတိုးနှုန်း သက်သက်သာသာရရှိရန်ဟု ဆိုပါသည်။ ဤတောင်သူလယ်သမားကြီး၏အဆိုကို တရားဝင် စာရင်းဇယားများက အခိုင်အမာထောက်ခံမှုပေးနေပါသည်။ နိုင်ငံအတွင်း ဝင်ရောက်လာသော ပြည်ပရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါက လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ပြည်ပရင်းနှီးမြှုပ်နှံမှု၏ ၀ ဒသမ ၄၂ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ အဆိုပါ ကိန်းဂဏန်းသည် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကိန်းဂဏန်းများကို အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေကို တိုးမြှင့်ထုတ်ချေးပေးနေသော်လည်း တောင်သူလယ်သမားများလိုအပ်သည့် စိုက်ပျိုးရေးစရိတ်ကို အပြည့်အဝထုတ်ချေးပေးနိုင်ခြင်းမရှိသည်မှာ ပကတိအခြေအနေဖြစ်ပါသည်။ တောင်သူလယ်သမားများသည် လိုအပ်ချက်အကြီးအသေးအပေါ်မူတည်၍ အနိမ့်ဆုံး တစ်လငါးကျပ်တိုးနှုန်းဖြင့် ချေးယူနေရပါသည်။ ဤမြင့်မားသော အတိုးနှုန်းသည် တောင်သူလယ်သမားတို့အား ဖိစီးနေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုကို ပိတ်ဆို့ကာဆီးနေသော အဟန့်အတားတစ်ရပ်လည်း ဖြစ်နေပါသည်။ တောင်သူလယ်သမားများသည် လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်(ပုံစံ ၇)တင်ပြပါက ချေးငွေရရှိနိုင်သည် ဆိုသော်လည်း လက်တွေ့၌(ပုံစံ ၇)အပေါ် အခြေပြုသည့် ချေးငွေများကို မည်မည်ရရ တွေ့ရှိရခြင်းမရှိပါ။ အခြေအနေကို ခြုံငုံသုံးသပ်ပါက တောင်သူလယ်သမားများသည် လိုအပ်နေသော စိုက်ပျိုးစရိတ်ရင်းနှီးငွေကို လုံလုံလောက်လောက်မရဖြစ်နေသည်မှာ ထင်ရှားပါသည်။

လူထုအစိုးရသစ်က ထုတ်ပြန်သောနိုင်ငံတော်၏ စီးပွားရေးမူဝါဒ၌ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်ဟု ပါရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် တောင်သူလယ်သမားတို့၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်နိုင်စွမ်းရှိသည်မှာ ပေါ်လွင်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် ကိုက်ညီအံဝင်မှုရှိသော လက်တွေ့လုပ်ငန်းစဉ်တို့ကို ဖော်ထုတ်ရန်သာ လိုအပ်ပါတော့သည်။ ဤလက်တွေ့လုပ်ငန်းစဉ်တို့ကို ဖော်ထုတ်ရာ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇) တင်ပြနိုင်ပါလျက် မည်သို့သောအကြောင်းတရားတို့ကြောင့် ဘဏ်မှ ချေးငွေထုတ်မပေးနိုင်ဖြစ်ရသည်ဆိုသော လက်တွေ့အဟန့်အတားပြဿနာများကို ထည့်သွင်းသုံးသပ်စဉ်းစားမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကျွမ်းကျင်သူတို့က တိုင်းပြည်၌လည်ပတ်နေသော ငွေကြေးတို့၏ ၃၀ ရာခိုင်နှုန်းသာ ဘဏ်စနစ်ကို အခြေပြုလည်ပတ်လျက်ရှိပြီး ကျန်ရှိသော ၇၀ ရာခိုင်နှုန်းသည် ဘဏ်စနစ်၏ပြင်ပ၌ လည်ပတ်နေပါသည်ဟု ထောက်ပြကြပါသည်။ ဘဏ်စနစ်၏ပြင်ပ၌ လည်ပတ်လျက်ရှိသော ငွေကြေးတို့ကို ဗဟိုဘဏ်က ထိန်းချုပ်နိုင်စွမ်းမရှိသည်ကို အကြောင်းပြုလျက် အဆိုပါငွေကြေးတို့ကို အိမ်ခြံမြေကဲ့သို့သော ဈေးကွက်တို့၌ ဈေးကစားမှုများပြုလုပ်လျက်ရှိပါသည်။ ဤဘဏ်စနစ်ပြင်ပငွေကြေးတို့ကို လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွင်းသို့ ဆွဲဆောင်နိုင်မည့်နည်းလမ်းတို့ကိုလည်း တာဝန်ရှိ အာဏာပိုင်ပုဂ္ဂိုလ်အဖွဲ့အစည်းတို့က သုံးသပ်မည်ဟု ယုံကြည်ပါသည်။ ပြည်တွင်းဘဏ်တို့က လယ်ယာစိုက်ပျိုးရေးစရိတ်တို့ကို အပြည့်အဝထုတ်ချေးနိုင်စွမ်းမရှိပါက တိုင်းပြည်၏ ပကတိအခြေအနေနှင့်လျော်ညီစွာ နိုင်ငံခြားဘဏ်တို့ကို မည်သို့မည်ပုံ ပါဝင်ခွင့်ပြုမည်ဆိုသော နည်းလမ်းတို့ကိုလည်း တာဝန်ရှိအာဏာပိုင်ပုဂ္ဂိုလ်အဖွဲ့အစည်းတို့က ကြံဆပုံဖော်မည်ဟု ယုံကြည်ပါသည်။ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားတို့ကို ထိခိုက်စေခြင်းမရှိသော ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ ဝင်ရောက်လာစေမည့်နည်းလမ်းတို့ကိုလည်း အလားတူတီထွင်ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါသည်။ ခြုံငုံတင်ပြရပါက လယ်ယာစိုက်ပျိုးရေးအရင်းအနှီးတို့ ပြည့်စုံစေမည့် နည်းလမ်းတို့သည် တောင်သူလယ်သမားများအပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုသာမက တိုင်းပြည်တစ်ရပ်လုံး၏ စီးပွားရေးကို မြှင့်တင်ပေးမည်ဟု ယုံကြည်ပါသည်။ ။



## အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူ

**ရန်ကုန် ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအပါအဝင် စေတနာရှင် သွေးလှူရှင် ၁၃၉ ဦးတို့က ဩဂုတ် ၈ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူခဲ့ကြသည်။

သွေးလှူရှင်များ အန္တရာယ်မဖြစ်စေရန်နှင့် သွေးလှူဒါန်းမည့်သူများအဆင်ပြေစေရန် စေတနာအလျောက် သွေးလှူဒါန်းခြင်း၊ သွေးအစားပေးလှူခြင်းများကို ည ၇ နာရီနောက်ပိုင်း ရပ်နားထားမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမှုများကို ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ည ၇ နာရီထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသွေးလှူဌာနမှ သွေးလှူရှင်များအား အသိပေးထားကြောင်း သိရသည်။

**ကိုချစ်**

### ထင်သာမြင်သာပြုပြင်စရာ

## ရွှေပေါက်ကံတံတား ချဉ်းကပ်လမ်းဆုံ၌ မီးပွိုင့်တပ်ဆင်ပေးစေလို

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ပုဂံလမ်းမကြီးနှင့်ညောင်ရမ်းလမ်းဆုံ ရွှေပေါက်ကံမြို့သစ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းသို့ ဆက်သွယ်ထားသော မြို့နယ်ချင်းဆက် ရွှေပေါက်ကံ တံတားကြီးချဉ်းကပ်လမ်းဆုံ၌ မီးပွိုင့်ထားရှိရန်လိုအပ်ကြောင်း တွေ့ရသည်။

ဒေသဖွံ့ဖြိုးမှုနှင့်အတူ ရွှေပေါက်ကံတံတားအသစ်ကြီး တည်ဆောက်လိုက်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်းသို့ ယခင်က သွားလာရခက်ခဲသော်လည်း ယခုအခါ ရွှေပေါက်ကံတံတားသစ်ကြီးမှ အချိန်တိုတိုအတွင်း လွယ်ကူစွာသွားလာနိုင်



ကြောင်း၊ ဒဂုံတက္ကသိုလ် ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ကျောင်းသွားရန် လွယ်ကူသွားကြောင်း၊ ယခုလမ်းဆုံသည် ဒေသအချက်အချာကျသော နေရာ၌တည်ရှိပြီး တံတားကိုဖြတ်သန်းမည့်ယာဉ်များ၊ မြို့အတွင်းအသုံးပြုကိုယ်ပိုင်ယာဉ်များ နေ့စဉ်အသုံးပြုနေသော လမ်းဆုံဖြစ်ကာ ထိုလမ်းဆုံတွင် မီးပွိုင့်မရှိသောကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်စေနိုင်ပြီး စည်းကမ်းမဲ့မောင်းနှင်ကြသော ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားကာ ဒေသခံပြည်သူများအနေဖြင့် သွားလာမှုခက်ခဲနေကြောင်း။

ထို့ကြောင့် အဆိုပါနေရာ၌ မီးပွိုင့်တပ်ဆင်ပေးပါက ယာဉ်ကြောပိတ်ဆို့မှုနှင့် ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ဒီပဲယင်းမြို့နယ်တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

**ဒီပဲယင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲကို ဩဂုတ် ၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်နှင့် ဆေးရုံကော်မတီဝင်တို့က တိုက်နယ်ဆေးရုံအဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လူမှုရေးဝန်ကြီးက နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့် ဆိုရိုးနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနက ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နည်းနာသုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှု ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စိုင်ပြင်တိုက်နယ် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးကို နိုင်ငံတော်ဘတ်ဂျက်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များမှ ငွေကျပ် ၅၁၀ ဒသမ ၇ သန်းကျခံ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇·၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄·၈၃ |
| ထိုင်း | တစ်ဘတ် | ၃၄·၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၈·၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄·၁၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် ၂/၂၀၁၆ ကျင်းပစဉ် (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

ယင်းနောက် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ တွေ့ကြုံရသည့်အခက်အခဲ၊ လုပ်ငန်းလိုအပ်ချက် နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်သုံးသပ်ပေါင်းစပ်ညှိနှိုင်းပေးပြီး ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ နားလည်မှုရှိရှိ ပံ့ပိုးကူညီဆောင်ရွက်ကြရန်၊ ကြုံတွေ့လာရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❍ *ရှေ့ဖုံးမှ*

ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ချေးငွေအပါအဝင် ငွေကြေးဝန်ဆောင်မှုများရရှိမှု အကန့်အသတ်များရှိနေခြင်း၊ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး စွမ်းဆောင်နိုင်မှုကို မြင့်မားလာစေမည်ဖြစ်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဈေးကွက်အခြေပြုဘဏ်လုပ်ငန်း ဝန်ဆောင်မှုကဏ္ဍ ပေါ်ထွန်းလာခြင်းဖြင့် စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်မည့် ငွေရေးကြေးရေးကဏ္ဍ ဝန်ဆောင်မှုအစီအစဉ်အတွက် အထောက်အပံ့ပြုနိုင်ခြင်း စသည်တို့ ဖြစ်ပါကြောင်း။

ချေးငွေဆိုင်ရာ သဘောတူညီချက်များမှာ ချေးငွေသက်တမ်း ၃၈ နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလခြောက်နှစ်နှင့် ပြန်ဆပ်ကာလ ၃၂ နှစ်ဖြစ်ပါကြောင်း၊ အတိုးမဲ့ချေးငွေဖြစ်ပြီးဝန်ဆောင်ခအဖြစ် တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်း၊ ကတိခံကြေးကို ကမ္ဘာ့ဘဏ် (IDA Board) အဖွဲ့၏ ဆုံးဖြတ်ချက်အရ ပေးရန်ရှိလာပါက ၀ ဒသမ ၅ ရာခိုင်နှုန်း ထက်မပိုသောနှုန်းကိုပေးရန် သတ်မှတ်ထားသည်ဟု သိရပါကြောင်း၊ ချေးငွေထုတ်ယူချိန်မှစ၍ ဆိုင်းငံ့ကာလအတွင်း ဝန်ဆောင်ခကိုလည်းကောင်း၊ ဆိုင်းငံ့ကာလ ကုန်ဆုံးပြီးချိန်မှစ၍ ဝန်ဆောင်ခနှင့် အရင်းပြန်ဆပ်ငွေကို လည်းကောင်း တစ်နှစ်လျှင် နှစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ပါကြောင်း။

အဆိုပါချေးငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၇၅ သန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၂၅ သန်း



ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ထို့ပြင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းနယ်ပယ် ငါးခုရှိပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်များအနက် လုပ်ငန်းတိုးချဲ့ရန် သာမန်အသုံးစရိတ်၊ လက်ရှိသုံးစွဲနေသည့် ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေ၊ ပင်စင်စသည်တို့အတွက် နိုင်ငံတော်က ကျခံသုံးစွဲနေရသည့် အခြေအနေကို အထောက်အကူပြုသည့် (Budget Support) အဖြစ် သုံးစွဲရန် အမေရိကန်ဒေါ်လာ သန်း ၆၀၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲ တည်ဆောက်ရန် ပြင်ဆင်ခြင်းအတွက် အမေရိကန်ဒေါ်လာခုနစ်သန်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၊ အာမခံလုပ်ငန်း ကြီးကြပ်ကွပ်ကဲမှု အဆင့်မြှင့်တင်ခြင်းနှင့် IT စနစ်တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာငါးသန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည်အသွေးမြှင့်တင် တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာသုံးသန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့အတူ အဆိုပါအမေရိကန်ဒေါ်လာ သန်း ၆၀ ကို နှစ်အလိုက် ချေးငွေထုတ်ယူသုံးစွဲနိုင်မည့်ပမာဏ လျာထားချက်မှာ ၂၀၁၇ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၊ ၂၀၁၈ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း၊ ၂၀၁၉ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ ၂၀၂၀ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းတို့ ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ပုဒ်မ ၁၀ တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှ ချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သည့်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စည်းကမ်းချက်များချမှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ရယူဆောင်ရွက်မည့်ကိစ္စတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ အရည်အသွေးမြှင့်တင် တည်ဆောက်ရေးလုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ အဆင့်မြှင့်သင်တန်းကျောင်းဖွင့်လှစ်ရေး ဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာခြောက်သန်းကိုလည်းကောင်း၊ သတင်းအချက်အလက် နည်းပညာစနစ်တည်ဆောက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင် ခြင်းအတွက် အမေရိကန်ဒေါ်လာနှစ်သန်းကို လည်းကောင်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း ကိုလည်းကောင်း၊ စီမံကိန်းပူးပေါင်းဆောင်ရွက်သည့်အဖွဲ့တွင် ပါဝင်မည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် အရည်အသွေးတည်ဆောက်ခြင်း လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ကမ္ဘာ့ဘဏ်မှ အမေရိကန် ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဦးဘိုဘိုငယ်၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# ကမ္ဘာအေးလူမှုဝန်ထမ်းဦးစီးဌာနပိုင်မြေပေါ်ရှိဆိုင်ခန်းများ ဥပဒေနှင့်အညီ တစ်ပတ်အတွင်း ဖယ်ရှားရှင်းလင်းသွားမည်

**ရန်ကုန် ဩဂုတ် ၉**

ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ လူမှုဝန်ထမ်းဦးစီးဌာနပိုင်မြေ ဘေးပတ်လည်ရှိ ရွှေ့ပြောင်းပေးရန် ငြင်းဆိုနေသောဆိုင်ခန်းများအား တရားဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းသွားမည်ဖြစ် ကြောင်း အခွင့်အာဏာပိုင်အဖြစ် အပ်နှင်းထားသော ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ လုပ်ပိုင်ခွင့်တာဝန်ရှိသူတွေအနေနဲ့ ဆိုင်ခန်းတွေကို ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ(၃)အရ တည်ဆဲ တရားဥပဒေနဲ့အညီ ဒီနေ့ကစပြီး တစ်ပတ်အတွင်း ဖယ်ရှားရှင်းလင်းမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် ဦးအောင်ကျော်မိုးက ပြောကြားသည်။ **(အပေါ်ပုံ)**



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တာဝန်ရှိသူများ၊ ဒေသန္တရအုပ်ချုပ်ရေး တာဝန်ရှိသူများ၊ ဆိုင်ခန်းပိုင်ရှင်များ တက်ရောက်ခဲ့သည်။ အဆိုပါဆိုင်ခန်းများမှာ ၁၉၉၅ ခုနှစ် ဧပြီ ၁ ရက်မှစပြီး လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ထမ်းသက်သာရန်ပုံငွေဖြင့် ဆောက်လုပ်၍စပေါ်ငွေကျပ်တစ်သိန်းစီယူပြီး ခြောက်ခန်းတွဲဆိုင်ခန်းနှင့် ၁၂ခန်းတွဲဆိုင်ခန်း စုစုပေါင်း ၁၈ ခန်းကို ငှားရမ်းခဲ့ကြောင်း၊ ရွှေမိမွေ့ရာဆိုင်ကိုလည်း ၂၀၀၁ ခုနှစ်မှစ၍ မြေကွက်ငှားရမ်းခဲ့ကြောင်း၊ ဆိုင်ခန်းငှားရမ်းခအားလုံးကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ကြောင်း၊ ကမ္ဘာအေးမြေ ၁၄ ဒသမ ၀၃၉ ဧကနှင့် အဆောက်အအုံများအား ကာကွယ်ရေးဝန်ကြီးဌာနသို့ ၂၅-၃-၂၀၁၁ ရက်နေ့တွင် တရားဝင်လွှဲပြောင်းပေးခဲ့သဖြင့် ယခင်ချုပ်ဆိုခဲ့သော ဆိုင်/မြေငှားရမ်းခြင်းစာချုပ်မှာယင်းနေ့တွင် ပျက်ပြယ်သွားခဲ့ပြီး ဆိုင်ခန်းစပေါ်ငွေကျပ် တစ်သိန်းစီကိုလည်း ၁၆-၁၂-၂၀၁၀ ရက်နေ့တွင် ဆိုင်ခန်း ငှားရမ်းသူများထံ ပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ထောက်ချုပ်ရုံးမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၄-၃-၂၀၁၃ ရက်နေ့တွင် ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ လွှဲပြောင်းပြီး နောက်ပိုင်းတွင် ဆိုင်လခများ ဆက်လက်ကောက်ခံခြင်း မရှိတော့ကြောင်း၊ ဝန်ကြီးရုံးမှဌာနပိုင်မြေဧရိယာအတွင်း ခေတ္တငှားရမ်းထားသော မြေနေရာ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ ဆိုင်ခန်းများနှင့်ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားရှင်းလင်းရေးအဖွဲ့ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လေးဦးဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါအဖွဲ့မှ ကမ္ဘာအေးမြေပေါ်ရှိ ဆိုင်/မြေ ၂၅ ခုရှိ ငှားရမ်းသူ ၂၁ ဦးနှင့် ၉-၄-၂၀၁၃ ရက်နေ့တွင် တွေ့ဆုံဆွေးနွေး၍ ၁၀-၆-၂၀၁၃ ရက်နေ့တွင် နောက်ဆုံးထားဖယ်ရှားပေးရန် အကြောင်းကြားခဲ့ကြောင်း၊ ယင်း ဆိုင်/မြေ ၂၅ ခုအနက် ငါးခုမှာဖယ်ရှားပေးခဲ့ပြီး ကျန်ရှိဆိုင်/မြေ ၂၀ ကို ဖယ်ရှားပေးရန် ကိုးကြိမ်တိုင်နှိုးဆော်စာထုတ်ပြန်ခဲ့ကြောင်း၊ ယင်းဆိုင်ခန်း ငှားရမ်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၆-၆-၂၀၁၆ ရက်နေ့တွင် ဆိုင်ခန်းများ ရွှေ့ပြောင်းပေးရန် ခေါ်ယူတွေ့ဆုံခဲ့ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆိုင်ခန်း ၂၀ ကို ပြောင်းရွှေ့ရန် ၂၇-၆-၂၀၁၆ မှ ၂၆-၇-၂၀၁၆ ရက်အထိ ကြိုတင် ပြင်ဆင်ချိန် တစ်လပေးပြီးဖြစ်၍ ၁၀-၈-၂၀၁၆ ရက်မှစတင်ကာ တစ်ပတ်အတွင်း ဥပဒေနှင့်အညီဖယ်ရှား ရှင်းလင်းသွားမည် ဖြစ်ကြောင်းသိရသည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

✻ ကျောဖုံးမှ

ထို့နောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ ဆေးဘက်ဆိုင်ရာမော်တော်ယာဉ်နှင့် စက်ပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့က အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်တိုင်းပြည်လုံးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံသက်ရောက်စေရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်းပါးသည့်ဒေသများသို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ၊ တပ်မတော်သားပါရဂူ၊ ဆရာဝန်များစေလွှတ်၍ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်အနေဖြင့် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အား၊ စိတ်ဓာတ်အင်အားများဖြင့် ပူးပေါင်းကူညီလုပ်ဆောင်ပေးလျက်ရှိသကဲ့သို့ HADR လုပ်ငန်းစဉ် အဆင့်တိုင်းတွင်လည်း တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများလွှဲပြောင်းပေးအပ်ခြင်းသည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်ရလဒ်များဖြစ်ပြီး ယင်းရလဒ်များကို မြန်မာ့တပ်မတော်နှင့်အတူ မြန်မာပြည်သူလူထုတစ်ရပ်လုံးကပါ မျှဝေခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုလွှဲပြောင်းပေးအပ်သည့် ဆေးဘက်ဆိုင်ရာ မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများသည် မြန်မာ့တပ်မတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုကျန်းမာရေးတို့အတွက် ထိရောက်သည့်အထောက်အကူရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်အတွက် ဆေးဘက် ဆိုင်ရာ မော်တော်ယာဉ်များဖြစ်သည့် Ford Transit လူနာတင်ယာဉ် အစီး ၃၀၊ Mercedes Benz Dental Clinic မော်တော်ယာဉ် သုံးစီးနှင့် Digital X-ray Machine စက်ပစ္စည်း ၁၅ ခုတို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လဟယ်မြို့၌ ကူးစက်ရောဂါထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**ခန္တီး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးတက်ရေးနှင့် ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြခြင်း၊ သိရှိလိုသည်များကိုမေးမြန်းခြင်းများ ဆောင်ရွက်ကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းခဲ့ပြီး တစ်ဆက်တည်းမှာပင် နန်းယွန်းမြို့နယ်၌ ဝက်သက်ရောဂါနှင့် ကူးစက်ရောဂါများ တွေ့ရှိမှုမရှိကြောင်းကိုပါ ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုးခုသို့ အလှူငွေကျပ် သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်းကျပ်သိန်းပေါင်း ၉၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမြောက် လှူဒါန်းမှုအဖြစ် ရောဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဩဂုတ် ၉ ရက် နံနက်က ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးခန်း၌ ဖောင်ဒေးရှင်း (BFM) ကိုယ်စား တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်က အလှူငွေပေးအပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးချုပ် မန်းဂျော်နီက လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)**

အလှူငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဦးဘိုဘိုဝေမောင်က ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်သော် လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့် လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ၊ လူအား၊ ငွေအားဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်၍ ဝေးလံခေါင်းပါးသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုအတွေ့အကြုံများကို အခြေခံ၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာပြည်အနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့များအနေဖြင့် အမြန်ဆုံးအချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန် ယခုလိုလှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

❀ ကျောဖုံးမှ

တစ်တပ်တစ်အားပါဝင်ရန်နှင့် မြန်မာနိုင်ငံအတွင်း စိတ်ဝင်စားဖွယ်ဒေသများကို ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ၂၀၁၂ ခုနှစ်မှ နှစ်စဉ်ကျင်းပခဲ့သော အဆိုပါ မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲကြီးသည် ယခု ၂၀၁၆ ခုနှစ်တွင် ငါးနှစ်ပြည့်မြောက်ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲ ပထမအကြိမ်ကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယင်းနှစ်တွင် ယခုရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် 1st Runner up ဆုရှင် မေဘရဏီသော်နှင့်ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အမရာငြိမ်းတို့ကို မစ္စအင်တာနေရှင်နယ်ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်နိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ် အောက်တိုဘာတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် ၂၀၁၆ မစ်အင်တာနေရှင်နယ် Beauty Pageant ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦး စေလွှတ်ယှဉ်ပြိုင်နိုင်ရန် နိုင်ငံတစ်ဝန်းမှ ဆန်ခါတင်အလှမယ် ၂၀ ကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းအနေဖြင့် ပြီးခဲ့သည့် ဩဂုတ် ၃ ရက်က ရန်ကုန်မြို့ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ရွေးချယ်ခဲ့သည်။ မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၆ အတွက် ဆန်ခါတင်ရွေးချယ်ခဲ့သည့် အလှမယ် ၂၀ မှာ ခါးနံပါတ် (၁) တင်စန္ဒာမျိုး၊ ခါးနံပါတ်(၂) ခင်ယမုံသင်း၊ ခါးနံပါတ် (၃) နန်းနှင်း အိန္ဒြာထွင်၊ ခါးနံပါတ် (၄) နေကြာခင်ခင်၊ ခါးနံပါတ်(၅) ရွှန်းလဲ့ရတီ၊ ခါးနံပါတ်(၆) နှင်းဦးရွှေရည်၊ ခါးနံပါတ် (၇) မိုးပွင့်ဖြူဟန်၊ ခါးနံပါတ် (၈) ဆောင်းသဇင်သင်း၊ ခါးနံပါတ် (၉) ယမုံ၊ ခါးနံပါတ် (၁၀) ခွန်းနေခြည်ချို၊ ခါးနံပါတ် (၁၁) မေသက်ကျော်၊ ခါးနံပါတ် (၁၂) နှင်းရွှေရည်၊ ခါးနံပါတ် (၁၃) ဖူးပြည့်ထွန်း၊ ခါးနံပါတ် (၁၄) သုသုမြတ်နိုး၊ ခါးနံပါတ် (၁၅) အင်ကြင်းထူး၊ ခါးနံပါတ် (၁၆) ဆုရွှေရည်ထူး၊ ခါးနံပါတ် (၁၇) ဂျာနွယ်ပန်၊ ခါးနံပါတ် (၁၈) နိုးထက်ထက်နိုင်၊ ခါးနံပါတ် (၁၉) အိပိုးပိုးထွန်းနှင့် ခါးနံပါတ် (၂၀) သွန်းနန္ဒာသိမ့်တို့ဖြစ်သည်။

၂၀၁၆ မစ္စမြန်မာအင်တာနေရှင်နယ်အတွက် ရွေးချယ်ခဲ့သည့် ပြိုင်ပွဲဝင်အလှမယ်၂၀ ကို Talents & Models မှ မတင်မိုးလွင်က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၆ နောက်ဆုံး ဆန်ခါတင်အလှမယ်ရွေးချယ်ပွဲကြီးကို စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးပြိုင်ပွဲတွင် Winner ဆု၊ 1st Runner Up ဆု၊ 2nd Runner Up ဆု နှင့် အခြား Title ဆုများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟုသုတနှင့် ပတ်သက်သော Miss Green ဆု၊ ပရိသတ်အကြိုက်အများဆုံး Voting ပေး၍ ရွေးချယ်ပေးသော Miss Popular ဆုနှင့် Talent Show တွင် အကောင်းဆုံး တင်ဆက်ပြသနိုင်သည့် Miss Talent ဆုတို့ကို ရွေးချယ်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုရွေးချယ်ထားသော အလှမယ် ၂၀ သည် Grand Final ကျင်းပမည့် စက်တင်ဘာ ၄ ရက်မတိုင်မီအထိ Moedlling ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များ၊ အခြားသင်တန်းများကို တက်ရောက်လေ့လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ ခရီးသွား အထင်ကရဒေသများဖြစ်သော အင်းလေးကန်နှင့် အနီးတစ်ဝိုက်ရှိ လူထုအခြေပြု ခရီးသွားလုပ်ငန်းများ အစရှိသည့်လှုပ်ရှားမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# 2016 Asian Men's Club ဘော်လီဘောချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 2016 Asian Men's Club Volleyball Championship ပြိုင်ပွဲ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက်က နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 2016 Asian Men's Club Volleyball Championship ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) ၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ဘော်လီဘောအားကစားသမား မျိုးဆက်သစ်များပေါ်ထွက်လာမည်ဖြစ်ပြီး ပြိုင်ပွဲအတွေ့အကြုံကောင်းများကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ ဂျပန်၊ အီရန်၊ အီရတ်၊ ဆော်ဒီအာရေဗီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ ကာတာ၊ ကာဇက်စတန်၊ တာ့ခ်မင်နစ္စတန်နိုင်ငံများမှ ကစားသမားဦးရေ ၃၀၀ ကျော်ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း ပြည်သူများအားကစားပြိုင်ပွဲအခြေအနေကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် သတင်းများ အချိန်မီထုတ်ပြန်နိုင်ရေး ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြိုင်ပွဲကျင်းပမှုအား နိုင်ငံတကာသို့ တိုက်ရိုက် Live ထုတ်လွှင့်ပြသနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားမှုများ ဆွေးနွေးသည်။

**(မြန်မာ့အလင်း)**

# ဒေါ်အောင်ဆန်းစုကြည်၏ ‘ဒီစကား ၁၀၀’

**မြင့်ဆွေဦး**

ဒေါ်အောင်ဆန်းစုကြည်ရေးသားခဲ့သော ‘ဒီစကား ၁၀၀’ ကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ ‘ဒီလှိုင်းစာစောင်’ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၆-၁-၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်ပြီးမှတ်ပုံတင်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ပါတီရဲ့အာဘော်စာစောင်တစ်ခုကို ထုတ်ဝေရန်ဆုံးဖြတ်လိုက်သည့်အခါ ဆရာဦးဝင်းတင်က ဒီမိုကရေစီလှိုင်းလုံးကြီး အရှိန်နှင့်အင်အားကို ရောင်ပြန်ဟပ်ထားသည့် ‘ဒီလှိုင်း’အမည်ကို ရွေးချယ်ပေးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်သည် ‘ဒီလှိုင်းစာစောင်’တွင် စတင်ထုတ်ဝေသည့် စာစောင်မှစ၍ ‘ဒီစကား’အမည်ဖြင့် အပတ်စဉ်ဆောင်းပါးကို ရေးသားခဲ့လေသည်။

‘ဒီစကား ၁၀၀’ စာအုပ်တွင် အမှာစာအဖြစ် ဒေါ်အောင်ဆန်းစုကြည်က အောက်ပါအတိုင်း ရေးသားခဲ့သည်။

‘ဒီလှိုင်းစာစောင်မှာ ကျွန်မရေးခဲ့တဲ့ ဒီစကားတွေကို စုပြီး စာအုပ်ထုတ်ဖြစ်လို့ ဝမ်းသာမိပါတယ်။ ဒီစကားတွေဟာ နေ့စဉ်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကို အခြေခံထားတာ ဖြစ်ပါတယ်။

‘ဒီစကားတွေကိုဖတ်ကြည့်ရင် အကြောင်းအရာတွေဟာ ဟိုရောက်ဒီရောက်ဖြစ်သလိုပဲ၊ နေ့စဉ်ဘဝတွေရဲ့ အတွေ့အကြုံတွေကလည်း အမျိုးမျိုး၊ အဖုံဖုံ စုံလင်လှပါတယ်။ တစ်ခါတလေ ပေါ့ပေါ့ပါးပါးရေးဖြစ်သလို တစ်ခါတလေတော့လည်း လေးလေးနက်နက်တွေးပြီး ရေးဖြစ်ခဲ့ပါတယ်။ အားလုံးကတော့ တစ်နည်းတစ်ဖုံ ကျွန်မတို့တိုင်းပြည်ရဲ့နိုင်ငံရေးဖြစ်စဉ်တွေနဲ့ ဆက်နွှယ်နေပါတယ်။

‘အခုလို ဒီစကားတွေစုပြီးထုတ်တဲ့ စာအုပ်ကိုဖတ်ခြင်းအားဖြင့် ၂၀၁၂ ‘ဒီလှိုင်း’စာစောင် စတင်ထုတ်ဝေခဲ့တဲ့အချိန်ကစပြီး ယခုအထိ ကျွန်မတို့ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေးစိန်ခေါ်မှုတွေကို တစေ့တစောင်းမြင်နိုင်မိကြမယ်လို့ မျှော်လင့်ပါတယ်။’

ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီသဘောတရားများ အခါအခွင့်သင့်သလို ဟောပြောခဲ့လေသည်။ ယခု ‘ဒီစကား’စာအုပ်တွင် ဒီမိုကရေစီအကြောင်းကိုပင် စတင်ရှင်းလင်းရေးသားခဲ့သည်။

ဒီစကားအမှတ်စဉ် ၂ တွင် ဒီမိုကရေစီသဘောတရားကို စတင်ရှင်းလင်းရေးသားခဲ့သည်။ ထို ဒီစကားတွင်

**‘ဒီအပတ်တော့ ဒီမိုကရေစီဇာစ်မြစ်ဖြစ်တဲ့ ဒီမိုအကြောင်း နည်းနည်းဆွေးနွေးချင်ပါတယ်။ ဒီမိုကရေစီဆိုတဲ့စကားလုံးက ဂရိဘာသာက လာတာပါ။ ဒီမို(စ်) (Demos) ပြည်သူနဲ့ ကရာတို့စ် (Kratos) အင်အားသဘောကို ပေါင်းစပ်ထားတဲ့ (Demokratia) က ဆင်းသက်လာတာပါ။ ဒီတော့ ဒီမိုကိုပြည်သူလို့ အဓိပ္ပာယ်ဖော်ရမှာပါ။ အချိန်နေရာမရွေး အမြဲကြားနေရတဲ့ ပြည်သူပါပဲ။’**

ဒေါ်အောင်ဆန်းစုကြည်သည် အနုပညာနှင့်ပတ်သက်၍လည်း စိတ်ဝင်တစားရှိသည်။ အနုပညာကို ခံစားသဘောပေါက်ခဲ့ပုံကို အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

**“ကချေသည်”**

‘ကျွန်မတို့ငယ်ငယ်က ‘ကချေသည်’ ဆိုတဲ့ သီချင်းအတော်နာမည်ကြီးခဲ့ပါတယ်။ ရုပ်ရှင်သရုပ်ဆောင် အဆိုတော် ကြည်ကြည်ဌေး သီဆိုတယ်လို့ မှတ်မိနေပါတယ်။ မေမေက ဒီသီချင်းကို သိပ်သဘောကျပါတယ်။ ‘ကချေသည်ရဲ့ဘဝဟာ မေမေ့ဘဝလိုပဲ’ လို့ ကျွန်မကို ရှင်းပြပါတယ်။ ရယ်ချင်လျက်နဲ့ ငိုရတာ၊ ငိုချင်လျက်နဲ့ ရယ်ရတာ၊ ချစ်ခြင်း၊ မုန်းခြင်း (ကြိုက်တာ မကြိုက်တာ) တွေကို ခံစားချက်အရ မဟုတ်ဘဲ ခိုင်းစေချက်အရသာ ဖော်ပြရတာတွေဟာ မေမေ့ရဲ့ဘဝကို သရုပ်ဆောင်ပြနေသလိုဖြစ်စေပါတယ်။ မေမေ့အတွက် ခိုင်းစေချက်ဆိုတာကတော့ တာဝန်ဝတ္တရားပါပဲ။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အမျိုးသားခေါင်းဆောင်ကြီး၊ ပြည်သူတွေရဲ့ ချစ်လှစွာသော သူရဲကောင်း၊ အာဇာနည်ကြီးရဲ့ မုဆိုးမအဖြစ်နဲ့ သိက္ခာရှိရှိရပ်တည်နိုင်ဖို့၊ တာဝန်သိစိတ်ကို ဦးထိပ်ပန်ပြီးနေခဲ့ရတဲ့ ဘဝကို သီချင်းလေးတစ်ပုဒ်က ကွက်ကွက်ကွင်းကွင်းခြယ်သပြလိုက်သလို ဖြစ်သွားပါတယ်။’




‘ဒီစကား ၁၀၀ ’ တွင် အာဇာနည်နေ့နှင့်ပတ်သက်၍ ဆောင်းပါးများရေးသားခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ပတ်သက်၍ အောက်ပါအတိုင်းရေးသားခဲ့လေသည်။

**ဒေါ်အောင်ဆန်းစုကြည်၏ ‘ဒီစကား ၁၀၀’ တွင် သူ့မိသားစုအကြောင်းတွေလည်း အခါအခွင့်သင့်သလို ရေးသားတင်ပြခဲ့လေသည်။ ထိုအကြောင်းများကို စုစည်းလိုက်လျှင် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝတစ်စိတ်တစ်ပိုင်းကို တွေ့မြင်ရမည်ဖြစ်**

အာဇာနည်ခေါင်းဆောင်ကြီးတွေလို့ သုံးနှုန်းလေ့ရှိတာကြောင့် အင်မတန်ရင့်ကျက်၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ထင်ကြတာရှိပါလိမ့်မယ်။ တကယ်တမ်းတော့ အသက်အကြီးဆုံး ဒီးဒုတ်ဦးဘချိုက ၅၄ နှစ်၊ ဝန်ကြီးအဖွဲ့ထဲမှာ အငယ်ဆုံး ဖေဖေက ၃၂ နှစ် ပြည့်ပြီးတာမကြာသေးသလို ဦးရာဇတ်ရဲ့သက်တော်စောင့်ရဲဘော်မောင်ထွေးက ၁၈ နှစ်သာရှိပါသေးတယ်။ နိုင်ငံ့အကျိုးထမ်းဆောင်နိုင်ဖို့ အရွယ်ကောင်းတွေပါ။ ဒါတွေကို တွေးပြီး ဆရာကြီးမင်းသုဝဏ်ရဲ့ ‘သူ့မှာတမ်း’ ကဗျာထဲက တော်လှန်ရေးသမားရဲ့စကားကို သဘောကျ ထောက်ခံတာပါ။

**‘အမောင်ပြောက်ကျား၊ တိုင်းပြည်အားကို**
**ဘာများမှာခဲ့လိုသနည်း။**
**ခရီးမတ်တတ် လမ်းခုလတ်တွင်**
**ကိုယ်လွတ်ရှောင်ခွာ ခွဲရပါ၍**
**အားနာခဲ့ကြောင်း ပြောပါလေ။’**

အာဇာနည်နေ့နှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

‘ကျွန်မတို့နိုင်ငံမှာ အာဇာနည်နေ့ကို ပြည်သူတွေ မေ့မေ့လျော့လျော့ဖြစ်အောင် နှစ်အတော်များများ ဖန်တီးခဲ့ပါတယ်။ ဒါပေမယ့် အခွင့်အရေးပေးတာနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ တိုင်းပြည်အတွက် လုပ်ဆောင်ချက်တွေ၊ နိုင်ငံ့အနာဂတ်အတွက်အကျိုးဖြစ်စေမယ့် အတွေးအခေါ်တွေကို အများပြည်သူသိရှိအောင် ကြိုးစားလုပ်ကိုင်မှုမှ ဖြစ်ပေါ်လာပါတယ်။ အာဇာနည်နေ့မှာ နိုင်ငံတော်အခမ်းအနားကို တင့်တင့်တယ်တယ်ကျင်းပပြီး အသိအမှတ်ပြုဖို့ တောင်းဆိုချက်တွေလည်း ကြားလာရပါတယ်။ ဒါတွေဟာ ကျေးဇူးတရားနဲ့အားကိုးစိတ်တွေ ရောထွေးနေတယ်လို့ ထင်ပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်မျိုးတွေသာ ကျယ်ကျယ်ပြန့်ပြန့်ရှိရင် လက်ရှိအခက်အခဲတွေကို ကျော်လွှားနိုင်မှာပဲဆိုတဲ့ အားကိုးစိတ်တွေလည်းရှိနေတယ် ထင်ပါတယ်။’

ဒေါ်အောင်ဆန်းစုကြည်၏ ‘ဒီစကား ၁၀၀’ တွင် သူ့မိသားစုအကြောင်းတွေလည်း အခါအခွင့်သင့်သလို ရေးသားတင်ပြခဲ့လေသည်။ ထိုအကြောင်းများကို စုစည်းလိုက်လျှင် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝတစ်စိတ်တစ်ပိုင်းကို တွေ့မြင်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ‘ဒီစကား ၁၀၀’ သည် ဒီမိုကရေစီသဘောတရား စာအုပ်တစ်အုပ်အဖြစ် အမြဲတမ်းဖတ်ရှုလေ့လာနေရမည့်စာအုပ်ဖြစ်သည်။ ‘ဒီစကား ၁၀၀’ စာအုပ်ကို စာအုပ်ဈေး စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိထားခြင်းဖြစ်သည်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသောဩဂုတ် ၃ ရက်မှ ၈ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်အေးချမ်း | ရင်စူးမြား | ၂၅၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၂ | ဦးတင်လှိုင်(မိတ္ထီလာ) | မိတ္ထီလာ နိုင်ငံရေးလှုပ်ရှားမှု ဖြစ်စဉ်မှတ်တမ်း | ၁၅၀၀ိ/- | |
| ၃ | နောင်မင်းနိုင် | နောက်ကျောကိုစိုက်ဝင်သွားတဲ့မှတ်တမ်း | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ် |
| ၄ | တက္ကသိုလ်ဂုဏ်ရည် | မပြောဖြစ်ခဲ့သော စကားများ သုတ၊ ရသ၊ ကဗျာ စာစုများ | ၁၅၀၀ိ/- | ကောင်းသန့်စာပေ |
| ၅ | သန္တာမြေ-အရှင်ပညာဝံသ | ကလေးတို့ | ၁၅၀၀ိ/- | ရန်အောင်စာပေ |
| ၆ | ရွှေပြည်ရမ္မာ | လတ်ဆတ်သောအတွေးများ(၄) | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၇ | ဆွန်း(စက်မှုတက္ကသိုလ်) | ရေခဲကိုဆစ်ထုတဲ့ ပန်းပုလေးတွေ | ၂၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၈ | ပြည့်ဆွေ(နတ္တလင်း) | သူတို့ပြောသော ဗိုလ်ချုပ်ပုံရိပ်များ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၉ | မေမြို့ချစ်ဆွေ | မြန်မာပြည်ဖွား သစ္စာရှိဂေါ်ရခါးများ | ၅၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၁၀ | အောင်စွမ်း | ပြည်တွင်းစစ်မီးတောက်နှစ်(၆၀)ကျော် ခရီးပေါက်အောင်လမ်းဖောက်ခဲ့သူများ | ၃၀၀၀ိ/- | ဟန်သာစုစာပေ |
| ၁၁ | အောင်ချိမ့် | ကက်သလောက် | ၂၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၂ | ကလောင်စုံ | ယာယီ ကဗျာစုစည်းမှု | ၁၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၃ | မောင်သစ်မင်း(မြန်မာပြန်) | ကွာဝေး | ၂၀၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၄ | အရှင်ကေလာသ | ဗုဒ္ဓဘာသာနှင့် ဒီမိုကရေစီ | ၂၅၀၀ိ/- | ံသာန စာပေ |
| ၁၅ | ဦးကျော်(အောင်မြတ်ကျော်) | ပြည်သူဗဟိုပြုသော အရပ်သားအစိုးရ၏ ပဏာမခြေလှမ်းများ | ၂၀၀၀ိ/- | ကျော်စာပေ |
| ၁၆ | ဆုပြည့်စုံထွန်းစာတည်းအဖွဲ့ | ပဲခူးမြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဉာဏဝန္တဓဇ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၇ | ဆုပြည့်စုံထွန်းစာတည်းအဖွဲ့ | ထွင့်ခေါင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဉာဏဝန္တဓဇ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၈ | ကလောင်စုံ | တောင်တွင်းကဗျာ အမှတ်(၄) | ၂၀၀၀ိ/- | GPG စာပေ |
| ၁၉ | ဦးမောင်မောင်ညွှန့် | မြေသိမ်းဥပဒေလက်စွဲ (The Land Acquissition) | ၄၅၀၀ိ/- | ရွှေမိုယ်းစာပေ |
| ၂၀ | တိုက်စိုး | တိုက်စိုးစာလက်ရွေးစင် | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၂၁ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေး အဘိဓာန် ဒုတိယစာအုပ် | ၇၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၂ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေး အဘိဓာန် တတိယစာအုပ် | ၅၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၃ | မောင်မြတ်မွန် (ဆူးလေ) | အလောင်းမင်းတရားကြီးတည်ခဲ့ မြို့ရန်ကုန် | ၃၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၂၄ | ဒီနိုဗို | အပြေးအကြောင်းပြောရင်း ပြောဖြစ်တာတွေ | ၂၅၀၀ိ/- | Momentum စာပေ |
| ၂၅ | ဟိန်းလတ် | လွယ်လွယ်အင်္ဂလိပ်စကားပြောကြစို့ | ၃၀၀၀ိ/- | Momentum စာပေ |
| ၂၆ | မောင်ဝင့်သူ-မြန်မာပြန် | လူတိုင်းအတွက် အိတ်ဆောင်ဘဝလမ်းညွှန် | ၁၅၀၀ိ/- | ထွန်းဖောင်ဒေးရှင်းစာပေ |
| ၂၇ | အောင်ကိုဦး | ဆံစမှ ခြေဖျားအထိ အင်္ဂလိပ်စကားလုံးဝေါဟာရများ | ၁၅၀၀ိ/- | ကောင်းဆုသာ |
| ၂၈ | အောင်ကိုဦး | အင်္ဂလိပ်ဘာသာစကားလေ့လာနည်းလမ်းညွှန် | ၁၅၀၀ိ/- | ကောင်းဆုသာ |
| ၂၉ | လမင်းမေ | အဖြူရင့်ရင့် | ၂၀၀၀ိ/- | မိုးကျော်သူ |
| ၃၀ | မောင်ခင်မင်(ဓနုဖြူ) | အသက် ၇၆ နှစ်စာအုပ် ၇၆ အုပ် (အတွေ့အကြုံစာစု) | ၃၀၀၀ိ/- | စာပေခရီးသွား |
| ၃၁ | ထွန်းဝေမြင့် | ခေတ်ပေါ်အသံ(ကဗျာစာအုပ် ၄ အုပ်ပေါင်းချုပ်) | ၂၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၂ | မင်းထက်မောင် | ခုန်လိုက်ခုန်လိုက်ကိုရွှေဖား | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၃ | မင်းထက်မောင် | ငါးလက်ထုံမကလေး ရိုစီ | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၄ | မြင့်ဆွေဦး | လယ်သမားကြီးဇနီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၅ | မြင့်ဆွေဦး | အသိဉာဏ်နည်းသောကြက်ဖကြီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၆ | မြင့်ဆွေဦး | လူတစ်ယောက်နှင့် မြေခွေးတစ်ကောင်အကြောင်း | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၇ | မြင့်ဆွေဦး | အသိဉာဏ်ရှိသောကောင်လေးနဲ့ကြောက်စရာအန္တရာယ်ကောင်ကြီး | ၁၂၀၀ိ/- | ဓူဝံစာပေ |
| ၃၈ | တင်နိုင်တိုး | မြန်မာ့ခေတ်ဟောင်းစီးပွားရေးလုပ်ငန်း | ၂၅၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၃၉ | မြင့်ဆွေဦး | ကြက်မကြီး ဟက်တီ | ၁၀၀၀ိ/- | ဓူဝံစာပေ |
| ၄၀ | အရှင်ရေဝတ (သာသနာ့ပျိုးခင်း) | လူငယ်ယဉ်ကျေးမှုစာစောင် အမှတ်(၆) | ၁၅၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၄၁ | သင့်လူ | နားစွင့်ကြားဟန်ရင်ခုန်သံ | ၃၆၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၄၂ | မောင်လှမျိုး(ချင်းချောင်းခြံ) | အချစ်ဆိုတဲ့ကိုယ်တော်ချော | ၂၀၀၀ိ/- | Union Publishing House |
| ၄၃ | မြသန်းတင့် ဘာသာပြန် | ခေတ်သစ်ပုတ္တောဝါဒ | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၄၄ | အရှင်သုမင်္ဂလ(စစ်ကိုင်း) | တော၏ရနံ့ လောကဓမ္မရသ စာစုများ | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၄၅ | ဝိုင်း(WHY) | ကျွန်တော်ဆိုမာလီယာ အကျဉ်းသား | ၂၅၀၀ိ/- | အလင်းသစ်စာပေ |
| ၄၆ | | မူပိုင်ခွင့်အက်ဥပဒေ | ၁၀၀၀ိ/- | Unity စာပေ |
| ၄၇ | | ဓမ္မပဒ ပါဠိ -မြန်မာ - အင်္ဂလိပ် | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၄၈ | မင်းသိခ် | မြေလျှောက်ဝိဇ္ဇာရွှေမြသာ(ပ ၊ ဒု၊ တ ပေါင်းချုပ်) အစအဆုံးလုံးချင်း | ၈၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၄၉ | အောင်မြတ်ဦး | မဟာဂန္ဓာရီရေဆန်ခရီးမှ ပုဂ္ဂိုလ်ထူးများနှင့် ဖြစ်ရပ်ဆန်းများ | ၁၅၀၀ိ/- | ဖူးပွင့်စာပေ |
| ၅၀ | ပါမောက္ခ ဦးသန်းလှိုင် | ဝိနယ ပိဋကလာ (ဗုဒ္ဓခေတ် လူမှုရေးရာများ) | ၃၅၀၀ိ/- | မိသားစုစာပေ |
| ၅၁ | ကလောင်စုံ | ကျွန်တော်ကျွန်မတို့၏ ဘာသာတရား | ၁၅၀၀ိ/- | အဖြူရောင်ပဲ့တင်သံစာပေ |
| ၅၂ | လူဘုန်း | ယင်းထနာ ကဗျာ ၂၈ ပုဒ် | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# တောင်ပြုံးပွဲတော်ကြီး နီးလာပြီ

## ဆရာစန်း(မန်းမြို့သစ်)

ကျွန်တော်တို့ မန္တလေး၊ မတ္တရာနယ်မှာ နှစ်စဉ်ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိတဲ့ တောင်ပြုံးပွဲတော်ကြီးတောင်နီးပြီပဲ။ ဇူလိုင်လဆန်း သတင်းစာတွေမှာစလို့ တောင်ပြုံးပွဲတော်ကို နှစ်စဉ်ကျင်းပမြဲ ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ပွဲတော်ဈေးကြီး၊ ဈေးလေးနဲ့ ဘုရားပရိဝုဏ်အတွင်း ရောင်းဝယ်မယ့် ဈေးသူ ဈေးသားများကို ဆိုင်ခန်းနေရာချထားပေးရေး အစီအစဉ်ကို ပွဲတော်ကျင်းပရေးဂေါပကအဖွဲ့က စတင်ကြေညာနေပါပြီ။

တောင်ပြုံးပွဲတော်ကြီးဆိုတာကလည်း နှစ်ရာနဲ့ချီကျင်းပခဲ့တဲ့ တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရဘုရားပွဲတော်မှာမင်းကြီး၊ မင်းလေးလို့ခေါ်တဲ့ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး နတ်နှစ်ပါးကို ပျော်တော်ဆက်၊ ပသကြတဲ့ပွဲ၊ ပျော်ကြတဲ့ပွဲဖြစ်လို့ မြန်မာနိုင်ငံတစ်နံတစ်လျား၊ အုတ်အုတ်ကျက်ကျက် လာရောက်ကြတဲ့ပွဲ ဖြစ်ပါတယ်။

ရွှေဖျဉ်းညီနောင်တို့ရဲ့ရာဇဝင်ကိုလည်း သိလိုကြပါလိမ့်မယ်။

အေဒီ ၁၀၄၄ ခုနှစ်မှာ ပုဂံထီးနန်းကို အနုရုဒ္ဓါခေါ် အနော်ရထာမင်းစော အုပ်ချုပ်တော်မူစဉ်၊ မင်းကြီးဟာ အေဒီ ၅၁၈ ခုနှစ် သိုက်တိုင်မင်းလက်ထက်မှစပြီး စုက္ကတေးမင်းလက်ထက်တိုင်အောင် မင်း ၄၁ ဆက် ကိုးကွယ်ခဲ့တဲ့ ကာမဘီလူး အရည်းကြီးများကိုးကွယ်မှုကို တိုက်ဖျက်ကာ၊ သုဝဏ္ဏဘုမ္မိ၊ သထုံပြည်မှ ကြွရောက်လာတဲ့ ထေရဝါဒဗုဒ္ဓဘာသာရဟန်းတော်ဖြစ်တဲ့ ရှင်အရဟံဟောပြောတဲ့ ဗုဒ္ဓဘာသာကို နိုင်ငံတစ်ဝန်းပျံ့နှံ့အောင် ဆောင်ရွက်ပေးတော်မူတဲ့ကာလက စရမှာဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ သုဝဏ္ဏဘုမ္မိသထုံပြည်မှာ မနူဟာမင်းစိုးစံပြီး ထေရဝါဒ ဗုဒ္ဓဘာသာလည်း ကိုးကွယ်နေပါပြီ။ ပင်လယ်ကမ်းခြေနဲ့နီးတော့ တစ်နေ့သင်္ဘောပျက်လို့ မျောလာတဲ့ ရေဘေးဒုက္ခသည်ညီအစ်ကိုနှစ်ဦးကို ကယ်ခဲ့ရတာ၊ တောရကျောင်းတစ်ကျောင်းမှာ ထားခဲ့ပါတယ်။ အဲဒီမှာ ဇော်ဂျီဖိုလ်ဝင်သားစားမိလို့ အစွမ်းထက်သွားကြရာက အစ်ကိုဖြစ်သူဗျတ်ဝိက သထုံမြို့တော်ဝန်သမီးနဲ့ ရည်ငံမိလို့ အသတ်ခံရကာ၊ မြို့စည်းရိုး၊ သွေးစက်ချပတ်ပြီး အစောင့်အရှောက်အထားခံခဲ့ရပါတယ်။ ညီငယ်ဖြစ်သူ ဗျတ္တကတော့ သထုံကိုလာတိုက်တဲ့၊ ပုဂံစစ်သည်တော်တွေနောက်ပါသွားပြီး၊ ပုဂံဘုရင့်နန်းတော်မှာ ပန်းဆက်တာဝန်ကျပါတယ်။ ဒီမှာ ပုပ္ပားတောင်တော်စောင့် ဘီလူးမ မယ်ဝဏ္ဏနဲ့ညား၊ ရွှေဖျဉ်းညီနောင်တို့ကို မွေးခဲ့တာပါ။

အရွယ်ရောက်တဲ့အခါ အနော်ရထာမင်းစော တရုတ်ပြည် စွယ်တော်အပင့်သွားတော့၊ ကျန်စစ်သားခေါင်းဆောင်တဲ့ သူရဲကောင်းတပ်ဖွဲ့မှာပါသွားခဲ့ပြီး တရုတ်မှအပြန်တောင်ပြုံးဘက်မှာ တပ်ချစဉ်၊ ဘုရင်ကစစ်ပြန်အောင်ပွဲအနေနဲ့ "ဆုတောင်းပြည့်၊ ဆုတောင်းရ"ဘုရားတည်စဉ် စစ်သည်တိုင်း အုတ်တစ်ချပ်၊ သဲတစ်ခုပ်ပါကြဖို့ မိန့်တဲ့အမိန့်ကို မနာဘဲ၊ အင်ကျယ်ကျေးရွာဘက်က မိန်းမလှ မရွှေဉနဲ့သွားပျော်နေလို့၊ ဘုရင်ကြီးတည်ပြီးစ ဘုရားဖူးစဉ် အုတ်နှစ်ချပ်လပ်တာ သိသွားတော့၊ ဆုံးမစေရာမှာ လွန်ပြီး သေရှာကြပါတယ်။ ဒါနဲ့ နတ်ညီနောင်ဖြစ်သွားပါလေရော။

"နော်ရထာ၊ ရွှေကြိမ်လုံးနဲ့၊ သုံးချက်ဆင့်ရိုက်ကာခေါ်၊ တို့ညီနောင်ဖောင်တော်ဦးမှာ၊ ဒူးတုပ်လျက်ပေါ်။ ဖုံတော်ငယ်ဆောင်၊ မြဲအောင်ကိုင်စွဲ။ နော်ရထာစံပျော်တဲ့ ရွှေဖောင်တော်မခုန်ရအောင်၊ ဆွဲစို့ညီလှ။"

ရှေးနတ်ချင်းထဲက အတိုင်းပါပဲ။ ဘုရင့်ဖောင်တော်ဦးမှာ ကိုယ်ထင်ပြပြီး၊ အသနားခံခဲ့တဲ့အခါ၊ အနော်ရထာမင်းစောက ယခုဆုတောင်းပြည့်၊ ဆုတောင်းရဘုရားရှိရာ တောင်ပြုံးနယ်တစ်ဝိုက်၊ အပိုင်စားပေးထားလို့၊ နှစ်စဉ်ဘုရားပွဲမှာ နတ်ပွဲ၊ ပျော်ပွဲ၊ ရှင်ပွဲပူးတွဲကျင်းပကြတာ ဖြစ်ပါတယ်။ ဒီလိုစတင်ကျင်းပရင်းနဲ့ ရိုးရာပွဲတော်အဖြစ် အထူးစည်ကားလာတာပါပဲ။ အဲဒီတောင်ပြုံးနယ်တစ်ဝိုက်မှာ နှစ်စဉ်နတ်တော်လဆန်း ၁၀ ရက်နေ့တိုင်း နတ်ဆွေမျိုး၊ နတ်ကတော်များက စစ်ချီမင်းနှစ်ပါးအတွက် ရည်စူးပြီး ရိက္ခာများဆက်သကြရပါတယ်။ စစ်ကပြန်လာပြီး ရောက်လာတဲ့ တပေါင်းလဆန်း ၁၀ ရက်နေ့တိုင်းမှာလည်း ရဲမက်စစ်သည်များအတွက် စားတော်စာများဆက်သရတဲ့ ထုံးစံရှိတဲ့အတွက် 'နတ်တော်စစ်ထွက်၊ တပေါင်းစစ်ပြန်' ဆိုစကား ရှိပါတယ်။

ပြီးခဲ့တဲ့ရက်က တောင်ပြုံးကို တောင်ပြုံးနန်းဆက် မိတ်ဆွေတစ်ဦးဖိတ်လို့ သွားခဲ့ပါသေးတယ်။ ဘုရားရော၊ နတ်နန်းကြီးရော၊ ဈေးဆိုင်ခန်းများဘက်ပါ ရောက်ပါတယ်။ ဘုရားဖူးတဲ့အခါ ဘုရားတံကဲနောက်မှာ အုတ်နှစ်ချပ်လပ်နေတာအထင်းသားပါပဲ။ ကျန်းမာချမ်းသာရပါစေကြောင်း ဆုတောင်းခဲ့ပြီး နတ်နန်းကြီးရောက်တဲ့အခါ နတ်နန်းကြီးမျက်နှာကြက် ရွှေချဖို့ပြင်နေသူတွေ၊ သန့်ရှင်းရေးကအစ လုပ်နေသူတွေ အများပါပဲ။ ဈေးကြီး၊ ဈေးလေးနေရာချထားရေး၊ လုံခြုံရေး၊ ရွာဝင်ကားလမ်း နှစ်လမ်းမောင်းပြင်ရေး၊ အုပ်ချုပ်ရေးရုံးခန်းများ၊ ဆေးခန်းများမှအစ ဆောက်လုပ်ဖို့ ဂေါပကများမနားမနေ ကြိုးပမ်းနေကြတာ သာဓုခေါ်ခဲ့ရပါတယ်။

နတ်ကန္နားများ၊ ဈေးဆိုင်များကလည်း တစ်နှစ်မှတစ်ခါ ပွဲကြီးလုပ်ရတာဆိုတော့ ဂေါပကအဖွဲ့များထံ စာရင်းပေးကြ။ ပြင်ရေးဆင်ရေးလူရှာရ၊ ငှက်ပျော၊ အုန်း၊ ပန်း စသည့်သွင်းမယ့်ဖောက်သည်ရှာကြ၊ မီးကိစ္စ၊ ရေကိစ္စစီစဉ်ကြ၊ ပွဲကန်ထရိုက်အဖွဲ့ကလည်း အလုပ်စလုပ်ကြရပါတယ်။ ပွဲတော်ကြီးစပြီဆိုရင်တော့ ပွဲရက်က ရှစ်ရက်သာဆိုပေမယ့် အကြိုတို့ အပိတ်၊ အသိမ်းတို့မှာ လူမှုမစဲဘဲ။ နယ်ခံတောရပ် ပရိသတ်က ပွဲကိုစောင့်နေတော့၊ ပွဲ၊ ဆပ်ကပ်၊ ချားရဟတ်၊ မျက်လှည့်၊ ကား၊ ဆိုင်ကယ်အအပ်ခံသူတွေ၊ ကလေးပစ္စည်း၊ အမှတ်တရပစ္စည်းရောင်းသူ၊ ဝယ်သူတွေနဲ့ ကြက်ပျံမကျ၊ တိုးမပေါက်၊ ဒီနှစ်လည်း စည်ဦးမှာပါပဲ။ ယခင်နှစ်များကလို ဝါခေါင်လဆန်း (၇)၊ (၈)ရက် မှာစပြီး ၁၀ ရက်နေ့မှာ နတ်ညီလာခံသဘင်၊ ၁၁ ရက်နေ့မှာ ချိုးရေတော်သုံးပွဲတော်၊ ၁၂ ရက်နေ့မှာ ယုန်ထိုးပွဲ၊ ၁၅ ရက်နေ့ လပြည့်နေ့မှာ ထိန်ခုတ်ပွဲ၊ လပြည့်ကျော် ၁ ရက်နေ့မှာတော့ ဗုဒ္ဓပူဇနိယဘုရားပွဲအဖြစ် သံဃာတော်များကို ဆွမ်းကြီးလောင်းလှူပွဲပြုလုပ်သည်။ ထုံးစံအတိုင်း ဆက်လုပ်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

ကျွန်တော်တို့ မန္တလေးနယ်မှာ အစည်ကားဆုံးနဲ့ အပျော်ပါးဆုံးရိုးရာပွဲတော်ဆိုရင် 'တောင်ပြုံးပွဲတော်ကြီး' ကို လက်ညှိုး ထိုးပြကြရမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသအစဉ်အဆက်မို့ လာရောက်ပသရတာ၊ အဓိဋ္ဌာန်ထားတာရှိလို့လာတာ၊ နတ်နန်းဆက်ရှိလို့လာတာ၊ စီးပွားရေးကြောင့်လာတာ၊ ကုသိုလ်ပြုချင်တာ၊ ဗဟုသုတရချင်တာ တို့အစ ပျော်ချင်ပါးချင်လို့အဆုံး ရိုးရာမပျက်လာကြတာပါပဲ။

ကျွန်တော်လည်း မန္တလေးသားပီပီ တောင်ပြုံးပွဲတော်ကြီးကိုသုံးသပ်ကြည့်မိပါတယ်။ ပုဂံဘုရင်အနော်ရထာမင်းက မင်း ၄၁ ဆက်တိုင်တိုင်အကိုးကွယ်မှားခဲ့သည်ကို ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခဲ့သူ ဖြစ်ပါတယ်။ မြေးတော်များကို သနား ကရုဏာရှေ့ထားပြီး နတ်နန်းများပေးခဲ့၊ နှစ်စဉ်ဘုရားပွဲကျင်းပစေခဲ့သော်လည်း အမှန်ဆိုရလျှင်ပုဂံက ရွှေစည်းခုံဘုရားရဲ့အာရုံခံတန်ဆောင်းထဲမှာ သော့ခတ်သိမ်းထားတဲ့ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းတို့အနက် အပြင် ၃၇ မင်း၊ အမှတ်စဉ် (၁၂)၊ (၁၃) အဖြစ် ပါနေတာပါ။ ဒါကြောင့် အနော်ရထာမင်းကြီးရဲ့အဓိကဘာသာရေးဆိုင်ရာရည်မှန်းချက်ကတော့ စစ်မှန်တဲ့ဘာသာ၊ သာသနာပေါ်ပေါက်ထွန်းကားရေးနဲ့ သန့်ရှင်းရေးတို့ပဲ ဖြစ်ပါတယ်။

သို့သော်တစ်ဖက်က ဘုရင်မင်းမြတ်တို့အနေနဲ့ တိုင်းသူ၊ ပြည်သားများ ကိုယ်ကျန်းမာရုံမျှမက၊ စိတ်ချမ်းသာအောင်ခွင့်ပြုပေးဖို့လည်းလိုကြောင်း သိတော်မူပေတယ်။ ဒါကြောင့်လည်း ဘုရင့်ဘုရားနှစ်စဉ်ပွဲတော်ဆိုပေမယ့် လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန်၊ ပြည်သူအများ ပျော်ပါးမှုကိုလည်း ခွင့်ပြုထားတာဖြစ်မယ်လို့ယုံကြည်ပါတယ်။

ကျွန်တော်တို့ လူများတော်တော်ခက်တယ်။ 'သိလည်းသိ၊ ပြင်လည်းမပြင်ချင်'၊ 'အသိခေါက်ခက်၊ အဝင်နက်' လို့ဆိုမဟုတ်လားဗျာ။ မိမိစိတ်ထဲမှာစွဲနေတဲ့၊ လက်တွေ့အကျိုးရှိမယ် ယုံကြည်တာကိုပဲ လုပ်လိုကိုးကွယ်လိုကြတယ်။ ပသလို၊ တင်မြှောက်လိုကြတယ်။ ယခင်နှစ်က ဆုတောင်းထားတဲ့လုပ်ငန်းအောင်မြင်ပါက ကတိပေးထားတဲ့အတိုင်း ဒီနှစ်လာပြီး ပသရမှာကိုမဖျက်ရဲ၊ မဖျက်လို၍ ဆက်ကိုးရခြင်းလည်း ရှိပါတယ်။ တောင်ပြုံးပွဲတော်ကိုဘယ်ကိစ္စနဲ့ပဲလာလာ၊ မပျော်သူမရှိ၊ ပျော်ကြသူများပင်။ ယခင်နှစ်က တောင်းခဲ့တဲ့ဆုကလည်းပြည့်၊ အခုနှစ်လည်း ထပ်တောင်းထားတာ ပြည့်မှာပါပဲဆိုပြီး တစ်နှစ်လုံး ပျော်ကြသူများပင် ရှိပါတယ်။

ဒါကြောင့် တိုင်းသူပြည်သားလူအများအဖို့၊ နေ့လှုပ်လှုပ်၊ ညလှုပ်လှုပ် လုပ်နေကြရတဲ့ စိတ်ပန်း၊ လူပန်းပျောက်စေရေးအတွက် ပျော်ပျော်နေရတဲ့ ရက်တွေလည်း မရှိသင့်ပါသလော။ ကျွန်တော့်ဆန္ဒကတော့ လူတွေစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ပျော်ပျော်ရွှင်ရွှင်နေကြကာ၊ 'စွမ်းရည်' နဲ့ 'သစ္စာ' ရှိရုံမျှမက 'တာဝန်' ကိုလည်း မပျက်ဖို့၊ ဘုရားပွဲတော်ဖြစ်သဖြင့်၊ 'နတ်ကရာကြည့်မော' မနေဘဲ၊ ဘုရင်ကိုယ်တိုင် တည်ထားတဲ့ 'ဆုတောင်းပြည့်ဘုရား' ကို အင်္ဂါငါးပါးဖြင့် ရိုရိုသေသေ ရှိခိုးပူဇော်ရင်း လိုရာဆုတောင်းခဲ့ဖို့ မှာချင်တာပါပဲဗျာ။



ယမန်နှစ်က ချိုးရေတော်သုံးပွဲတော်အခမ်းအနား ကျင်းပစဉ် ဓာတ်ပုံ-မင်းထက်အောင်

## ရောဂါဖြစ်ပွားသောကျေးရွာများသို့ အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများထောက်ပံ့

**ခန္တီး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်မကျေးရွာနှင့် ဒုံဟီးမြို့နယ် ကဲဆန်ဘောက်လန်၊ ကဲဆန်ကားလန်၊ ကဲဆန်ဆာလင်၊ ကဲဆန်လောင်ကျန်း ကျေးရွာတို့တွင် ဖြစ်ပွားလျက်ရှိသောဝက်သက်ရောဂါနှင့်အခြားရောဂါများကြောင့် အသက်ဆုံးရှုံးရသည့် မိသားစုများနှင့် ကျေးရွာအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။



ထို့နောက် အသက်ဆုံးရှုံးခဲ့ရသည့် မိသားစုများနှင့် ကျေးရွာအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်က ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ နာဂစာပေနှင့် ယဉ်ကျေးမှု (ဗဟို) ဥက္ကဋ္ဌ ဦးအောင်ထွဋ်က ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ခန္တီးမြို့မြသိန်းတန် ဆရာတော်ဦးနန္ဒပါလ ဦးဆောင်သော ဝေနေယျပါလ လူမှုကူညီရေးအသင်းက ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ အဝတ်အထည်များနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း အသီးသီးထောက်ပံ့လှူဒါန်းကြရာ နာဂဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးတိုးလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ၂၈ နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်ကျင်းပ

**သထုံ ဩဂုတ် ၉**

၂၈ နှစ်တိုင်ခဲ့ပြီဖြစ်သည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလ အောက်မေ့ဖွယ် အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ဩဂုတ် ၈ ရက်က သထုံမြို့နယ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသို့ ရှေးရှုပြီး သမိုင်းတစ်ခုအား လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်စေရန်၊ ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးသွားသော ကျဆုံးရဲဘော်များအား အမှတ်ရစေရန်နှင့် ရှစ်လေးလုံး ရွှေရတုနှစ်ပတ်လည်မှ ချမှတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အတွက် ကျင်းပရခြင်းဖြစ်သည်။

အဆိုပါနေ့တွင် အရေးတော်ပုံကာလအတွင်း အသက်ပေးခဲ့ရသူများအား ရည်စူးကာ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်များကို လှူဒါန်းဆုတောင်းခြင်း၊ အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်း၊ အဖွဲ့အစည်းအသီးသီးတို့က သဝဏ်လွှာများ ဖတ်ကြားခြင်းနှင့် ရှစ်လေးလုံးအရေးတော်ပုံ ကာလအတွင်းပါဝင်ခဲ့သူတို့က အမှတ်တရအောက်မေ့ဖွယ်ရာများ ပြောကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်

**မြို့သစ် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ၌ ဩဂုတ် ၅ ရက်က ကျေးလက်ဒေသအတွင်းရှိ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

ယင်းအသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး ပရိဘောဂအမျိုးမျိုး ပြုလုပ်နည်း၊ အိမ်ဆောက်နည်း လက်သမားအတတ်ပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ ၂၄ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မကွေး)**

# အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများသည် တိုင်းသူပြည်သားများအတွက် ရောဂါဆိုးကြီးဖြစ်

**နေပြည်တော် ဩဂုတ် ၉**

ရေဘေးအန္တရာယ် ကျရောက်နေသော ဒေသများရှိ ပြည်သူများကို ကူညီရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကိုပေးလှူရန် လွှတ်တော်ကသဘောတူညီကြောင်း ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ယနေ့အစည်းအဝေးတွင် မိုးမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ **မန္တလေး-မြစ်ကြီးနားမီးရထားခရီးစဉ်တွင် သာမန်ရထားစီးခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် အမှတ် ၅၅၊ ၅၆ အစုန် အဆန်အထူး အမြန်ရထားနှင့် ၅၇၊ ၅၈ အစုန်အဆန် မန္တလာရထားကဲ့သို့ နောက်ထပ်မီးရထားခရီးစဉ်တစ်ခု ပြေးဆွဲရန် အစီအစဉ် ရှိမရှိ** မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက မန္တလေး-မြစ်ကြီးနား-မန္တလေး တောက်လျှောက် အမြန်ရထားတစ်စင်း ထပ်မံပြေးဆွဲခြင်းဖြင့် Line Capacity အရ လက်ခံနိုင် သောရထားစင်းရေထက် ပိုမိုသွားမည်ဖြစ်၍ မြန်မာ့မီးရထားအနေဖြင့် လက်ရှိအခြေအနေအရ အမြန်ရထားတစ်စင်း ထပ်မံတိုးချဲ့ပြေးဆွဲနိုင်မည် မဟုတ်ပါကြောင်း ဖြေကြားသည်။

မြန်မာ့မီးရထားတွင် လမ်းပိုင်းအလိုက် ၂၄ နာရီအတွင်း အများဆုံးလက်ခံနိုင်သော ရထားစင်းရေ (Line Capacity) တွက်ချက်မှုအရ မန္တလေး-မြစ်ကြီးနားလမ်း ထန်းကုန်း- ကန့်ဘလူကြား ဘူတာလမ်းပိုင်းတွင် အများဆုံးလက်ခံနိုင်သော ရထားစင်းရေမှာ ၂၄ စင်းဖြစ်ပြီး ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲသည့် စင်းရေမှာ ၂၂ စင်းဖြစ်ခြင်း၊ နမ်းခမ်း-ဘုံချောင်းကြား ဘူတာလမ်းပိုင်းတွင် အများဆုံးလက်ခံနိုင်သော ရထားစင်းရေမှာ ၁၆ စင်းဖြစ်ပြီး ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲသည့်စင်းရေမှာ ၁၈ စင်းဖြစ်နေခြင်း၊ မော်ဟန်-ကာဒူကြား ဘူတာလမ်းပိုင်းတွင် အများဆုံးလက်ခံနိုင်သော ရထားစင်းရေမှာ ၁၆ စင်းဖြစ်ပြီး ၂၄ နာရီအတွင်း အများဆုံးပြေးဆွဲနေသည့် အစင်း ၂၂ စင်းအထိ ဖြစ်နေခြင်းတို့ကြောင့် **မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် ရထားစင်းရေ ထပ်မံတိုးချဲ့ပါက မလိုလားအပ်သောရထားများ ပိတ်ဆို့မှုနှင့် ကြန့်ကြာမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း** ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းဝင်း တင်သွင်းသည့် **နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ် (သတင်းစဉ်)

**ထန်းတပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းက** အဂတိလိုက်စားမှုကြောင့် နိုင်ငံပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် ကာကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ ပိုမိုပွင့်လင်းမြင်သာမှုရှိစေပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စသည့် အဓိပ္ပာယ် ဖော်ပြချက်ကောင်းများနှင့် ရည်ရွယ်ချက်ကောင်းများရှိသည့် ဥပဒေများ ပြဋ္ဌာန်းထားရှိသော်လည်း ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သက်ဆိုင်ရာတာဝန်ရှိသူနှင့် သက်ဆိုင်ရာဌာနများမှ ထိုဥပဒေများကို လေးစားလိုက်နာမှုမရှိ၊ ဆောင်ရွက်ကြခြင်း မရှိလျှင် မည်သည့်ဥပဒေကောင်းများ လွှတ်တော်က ပြဋ္ဌာန်းစေကာမူ ထိရောက်အောင်မြင်မှုရှိမည် မဟုတ်ပါကြောင်း၊ ထို့အတွက် အဆိုရှင်က ယခုအဆိုကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများကို သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြည့်ရန်နှင့် မရှိလျှင် ထိန်းကျောင်းပေးရန် တာဝန်ရှိပါကြောင်းဆွေးနွေးသည်။

**တန့်ဆည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက** တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများကို အနှောင့်အယှက်အပေးနိုင်ဆုံး၊ အစိုးရကို ဂုဏ်သိက္ခာကျဆင်းနိုင်ဆုံး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့် ဘက်ပေါင်းစုံကို ထိခိုက်စေနိုင်သည့်အရာသည် အဂတိလိုက်စားမှုသာဖြစ်ပါကြောင်း၊ ပြည်သူရွေးကောက် တင်မြှောက်ထားသည့် အစိုးရခေါင်းဆောင်များက ရှေ့ကမည်သို့ပင်ဦးဆောင်ပြီး ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေစေကာမူ အဂတိလိုက်စားမှုများကို မတိုက်ဖျက်နိုင်ပါက အချိန်ကြာလာသည်နှင့်အမျှ အစိုးရအား ပြည်သူလူထုက ယုံကြည်မှုကျဆင်းလာခြင်းမျိုး ဖြစ်လာနိုင်ပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သက်သက်ခိုင်က** အဂတိလိုက်စားမှုပြဿနာ၏ နောက်ကွယ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဟူသည့် အစိတ်အပိုင်းများပါဝင်နေပြီး လူတစ်ဦးချင်းစီ၏ လူ့အဖွဲ့အစည်းတစ်ခုလုံး တန်ဖိုးထားမှု မှားယွင်းနေသည့်အပေါ်တွင် မှားယွင်းသည့် လုပ်ဆောင်မှုများနှင့် လူ့အသိုင်းအဝိုင်း၌ အရိုးစွဲနေသည့် ယဉ်ကျေးမှုအဖြစ် ခိုင်ခိုင်မာမာရှိနေသည်ကို စိတ်မကောင်းစွာ တွေ့ရှိနေရပါကြောင်း၊ အဂတိလိုက်စားမှု မြင့်မားနေခြင်းသည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို အယုံအကြည်ကင်းမဲ့စေသည့်အတွက်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး နိုင်ငံသားအချင်းချင်း ကြားတွင်လည်း ဝင်ငွေကွာဟမှုကို များစေသည့်အတွက် လူမှုရေးမတည်ငြိမ်မှုကိုလည်း ဖြစ်စေနိုင်ပါကြောင်း ဆွေးနွေးသည်။

**မကွေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက** တိုင်းပြည်တိုးတက်စေရန် အဂတိလိုက်စားမှုပြဿနာကို အလေးပေးထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများသည် တိုင်းသူပြည်သားများအတွက် ရောဂါဆိုးကြီး ဖြစ်ပါကြောင်း၊ ပညာရေး၊ စီးပွားရေးနှင့် ကျန်းမာရေး၊ လူထု၏ စိတ်ပိုင်းဆိုင်ရာများကို ချိုးနှိမ်ဖျက်ဆီးပစ်ရုံမက ရုပ်ဝတ္ထုပစ္စည်းများဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်တစ်ခုလုံး ဖျက်ဆီးခံရတတ်ပါကြောင်း၊ ထို့အတွက် အဆိုရှင်ဒေါက်တာ ဦးသန်းဝင်း၏အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံမှုနှင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများကို ဖြေရှင်းပေးရန်အဆိုကို လွှတ်တော်၌ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

**“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို”**ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဂျေယောဝူက** ဧရာဝတီမြစ်ကို မြစ်ယဉ်တစ်စင်းဖြစ်အောင် အထူးစီမံကိန်းတစ်ရပ် ချမှတ်ဖော်ဆောင်ပြီး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တို့ကိုလည်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် တရားမဝင် သစ်မှောင်ခိုလုပ်ငန်းများကို ချက်ချင်းအရေးယူ၍ ရပ်တန့်သွားအောင် ဆောင်ရွက်ရန်နှင့် ဆူနာမီ၊ နာဂစ်ကဲ့သို့သော လှိုင်းလုံးကြီးများအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ကမ်းရိုးတန်းတစ်လျှောက် သဲ၊ နုန်း စုပ်ယူရောင်းချ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

ခြင်းကို လုံးဝရပ်ဆိုင်းရေးဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်က** ယခုအဆိုကို ငွေကုန်ကြေးကျများ၍ မဆောင်ရွက်နိုင်သောကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိခြင်းထက် အဆိုတွင်ပါရှိသည့် အပိုင်းသုံးပိုင်းလုံးသည် အရေးကြီးပါသဖြင့် နှစ်အပိုင်းအခြားအလိုက် အကောင်အထည်ဖော်နိုင်သလောက် ဆောင်ရွက်သွားရန်နှင့် တည်ဆောက်ပြုပြင်မှုများကို ငွေကုန်ကြေးကျရှိသည်ဟုဆိုပါလျှင် သဘာဝဂေဟစနစ် ပျက်စီးစေသော သစ်အလွန်အကျွံခိုးထုတ်မှု၊ သယံဇာတအလွန်အကျွံ တူးဖော်မှုများကို လုံးဝရပ်ဆိုင်းရန် တိုက်တွန်းခြင်းသည် ငွေကုန်ကြေးကျမရှိသော အကျိုးပြုတိုက်တွန်းချက်ဖြစ်သည်ဟု ယုံကြည်သောကြောင့် အဆိုအား မှတ်တမ်းအဖြစ်မထားရှိဘဲ ဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ ဦးမြင့်နိုင်က** ရခိုင်ကမ်းရိုးတန်းဒေသသည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် အဖြစ်အများဆုံး ဒေသတစ်ခုဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၅၀ အတွင်း ရခိုင်ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မှု ၁၅ ကြိမ်ခန့်ရှိပြီး သေဆုံးသူဦးရေ ၃၀၀၀ ခန့်ရှိခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု စုစုပေါင်းတန်ဖိုး ထရီလီယံ ကျော်ရှိမည်ဟု ခန့်မှန်းပါကြောင်း၊ အဆိုးရွားဆုံးမှာ ရေကြီးပြီဆိုပါက သောက်သုံးရေကန်များပါ ရေနစ်မြုပ်သွားသည့်အတွက် သောက်သုံးရေပြတ်လပ်မှုကိုပါ တစ်ပါတည်း ခံစားခဲ့ရပါကြောင်း၊ ထို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းကို ပညာရှင်များအကူအညီဖြင့် လေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်း။

ကျောက်တော်မြို့ပေါ်တွင် တူးဖော်ရမည့် ကုလားတန်မြစ်၏ ချောင်းလက်တက် ၁၀ ခုကျော်ရှိပါကြောင်း၊ အခြားမြို့နယ်များတွင်လည်း တူးဖော်ပေးရမည့် မြစ်ချောင်းများ များစွာရှိပါကြောင်း၊ အဆိုပါမြစ်ချောင်းများကို တူးဖော်ပေးမှုသာ ရေကြီးရေလျှံမှုဒဏ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး**



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)

**(ဘောဂဗေဒ)က** ယခုအဆိုတွင် ပါဝင်သည့် အချက်သုံးချက်သည် ကြီးမားကျယ်ပြန့်သည့် အကြောင်းအရာများ ဖြစ်သော်လည်း ယေဘုယျကျသည့် အချက်အလက်များ မပါရှိခြင်း၊ ရေကြီးခြင်း၊ ရေပြတ်လပ်ခြင်း၊ ချောင်းကောမြောင်းကောဖြစ်ခြင်း သုံးခုအနက် လက်တွေ့ဖြစ်နိုင်သည့် ကိစ္စကိုသာ အဆိုပြုခြင်း၊ နိုင်ငံလုံးဆိုင်ရာ မူဝါဒဖြစ်သည့်အတွက် သက်ဆိုင်ရာ stake-holder များပါဝင်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ညီလာခံကျင်းပပြီး အဖြေရှာရန် လိုအပ်ခြင်းတို့ကြောင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၈ ခုရှိ သောက်သုံးရေကန် ၉၄ ကန်ကို တူးဖော်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၂၉၈ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၀၉၇ ခုကို လျာထားဆောင်ရွက်လျက်ရှိကြောင်း။

မြစ်ဝကျွန်းပေါ်ဒေသများတွင် မြစ်ချောင်းများ တိမ်ကောလာမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်းမှ လျော့ပါးသက်သာစေရေးအတွက် သဘာဝမြစ်၊ ချောင်းများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို နှစ်စဉ်ရန်ပုံငွေ ရရှိနိုင်မှု အခြေအနေအပေါ် မူတည်၍ ဦးစားပေးလုပ်ငန်းများ ပိုင်းခြားသတ်မှတ် လျာထားဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက မြစ်ဝကျွန်းပေါ်ဒေသများ၊ ပင်လယ်ကမ်းခြေနှင့် ဆက်စပ်တည်ရှိသောဒေသများတွင် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် များစွာကြီးမားကျယ်ပြန့်ပြီး ဒေသအလိုက် မိုးရွာသွန်းမှုအခြေအနေ၊ ရှိရင်းစွဲ ရေအရင်းအမြစ်၊ မြစ်ချောင်းများ ဖွဲ့စည်းဆက်စပ်မှုအခြေအနေနှင့် မြေပြင်အနိမ့်အမြင့် အနေအထားများအရ ရေတိုရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်း အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ရေရှားပါးလာမှု အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသလိုအပ်ချက်အပေါ်မူတည်၍ ရနိုင်သည့် ရေအရင်းအမြစ်များကို ဖော်ထုတ်အသုံးချကာ ရေလှောင်တမံများ တည်ဆောက်ခြင်း၊ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သောဒေသများနှင့် မိုးများသော်လည်း ပင်လယ်ရေငန်နှင့် ထိစပ်နေသောဒေသများတွင် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တူးဖော်ခြင်း၊ မြေအောက်ရေ အလားအလာကောင်းသော ဒေသများတွင် စက်ရေတွင်းများတူးဖော်ပေးခြင်း စသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသများနှင့် ပင်လယ်ကမ်းရိုးတန်း ဒေသများတွင် တိမ်ကောနေသော မြစ်ချောင်းများအား ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးခြင်း၊ နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသော ဒေသများတွင် ဆည်ငယ်၊ ကန်ငယ်များ တူးဖော်ပြုပြင်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်း၊ မြေအောက်ရေများ ထပ်မံဖော်ထုတ်အသုံးချနိုင်ရေးအတွက် လိုအပ်သလို စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကာလတို၊ ကာလရှည် စီမံချက်များချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသောကြောင့် အဆိုအား မှတ်တမ်းတင်ထားသင့်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်ရှိ ရေဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ ဒေါက်တာရဲမိုးမြင့်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**(မြန်မာ့အလင်း)**

# လူနေအိမ်များသို့ ရေများစတင်ဝင်ရောက်

**ကျုံပျော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေများ ဝင်ရောက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအုပ်စုများအတွင်း ရေများဝင်ရောက်လျက်ရှိပြီး ဩဂုတ် ၈ ရက်က ကျေးရွာအုပ်စု ၁၂ ခုမှ ကျေးရွာ ၁၈ ရွာသို့ ရေများ ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** အဆိုပါ ကျေးရွာများရှိ ရေဝင်ရောက်နေသော အိမ်ခြေ စုစုပေါင်းမှာ ၉၂၃ လုံးဖြစ်ပြီး အိမ်ထောင်စု ၉၂၉ စုနှင့် လူဦးရေ ၃၆၆၀ နေထိုင်လျက်ရှိကာ လက်ရှိတွင် ရေနစ်မြုပ်သည့် အိမ်ခြေမရှိသေးကြောင်းနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်မှုမရှိသေးကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



# မဏိပူရ်မြစ်ကူးပုခက်အသစ် စတင်အသုံးပြုလျက်ရှိ

**တွန်းဇံ ဩဂုတ် ၉**

ချင်းပြည်နယ် တွန်းဇံမြို့နယ် နတ်ဇန်ရွာသစ်ကျေးရွာရှိ မဏိပူရ် မြစ်ကူးပုခက်အသစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ စတင်၍ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

တီးတိန်-တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ နတ်ဇန် မဏိပူရ်မြစ်ကူး သံပေါင်ဘေလီတံတားသည် ၂၀၁၅ ခုနှစ်တွင် သဘာဝဘေး ကြောင့် ပျက်စီးခဲ့သည်။ တံတားပျက်စီးမှုကြောင့် မဏိပူရ်မြစ် တစ်ဖက်ကမ်းရှိ ကျီခါးမြို့နှင့် ကျေးရွာရှိ ပြည်သူများ တွန်းဇံ-တီးတိန်-ကလေးမြို့သို့ သွားလာနိုင်စေရေးအတွက် တွန်းဇံမြို့ လမ်းဦးစီးဌာနမှ ယာယီမြစ်ကူးတံတားအဖြစ် လူအားဖြင့် ဆွဲရသောပုခက်ကို ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ကြိုးဆွဲပုခက်သည် အသုံးပြုမှုကြာလာသည်နှင့် အမျှ ကြံ့ခိုင်မှုအားနည်းလာခြင်းနှင့် ပုခက်စီးနင်းခအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းနှင့် မော်တော်ဆိုင်ကယ် တစ်စီးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဖြတ်သန်းသွားလာခဲ့ကြသည်။

ထို့ကြောင့် လမ်းဦးစီးဌာနမှ မဏိပူရ်မြစ်ကူးတံတား မတည် ဆောက်မီကာလအတွင်း ခရီးသွားပြည်သူများ ဘေးကင်းစွာ ခရီးသွားလာနိုင်ရေးအတွက် စက်ဖြင့်ကူးနိုင်သည့် ပုခက်အသစ် ပြန်လည်ဆောင်ရွက်ပေးခဲ့သည်။ ပုခက်အတွက် စက်မောင်း တစ်ဦးကို တစ်လလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လမ်းဦးစီးဌာနမှ ငှားရမ်းပေးထားသည်။ ပုခက်အသစ် ရေရှည်ခိုင်ခံ့ရေးနှင့် ခရီးသွားပြည်သူများ ဘေးကင်းစေရေးအတွက် ပုခက်ကို နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၇ နာရီအထိသာ မောင်းနှင်ခွင့်ပေးထား ပြီး လူတစ်ဦးလျှင် ငွေကျပ် ၅၀၀နှင့် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ပေးပြီး ရရှိသောငွေဖြင့် စက်ဆီ၊ ချောဆီများ ဝယ်ယူခြင်းနှင့် နောက်ထပ်စက်အသစ် ထပ်မံ ဝယ်ယူနိုင်ရေးအတွက် စုဆောင်းထားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ် ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင် - လှိုင်းဘွဲမြို့ | ၂၉၄၇၄ | ၁.၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း - ဖလမ်းမြို့ | ၁၉၅၄ | ၀.၆၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း - ကလေးမြို့ | ၅၂၀၀၀ | ၂.၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး - အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၅၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၈၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၂၆၁၈၆ | ၁.၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၁၈၉၁၂ | ၁.၁၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး - ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၈၂' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး - ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၇၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး - လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁.၅၀' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး - စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄.၉၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး - ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၉၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး - ငဖဲမြို့ | ၂၆၀၀ | ၀.၃၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး - ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇.၀၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး - ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၃၀' |
| ၁၇။ | တောင်ခရမ်းရေလှောင်တမံ | မကွေး - ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀.၈၀' |
| ၁၈။ | ချောက်ချောင်းရေလှောင်တမံ | ရခိုင် - ကျောက်တော်မြို့ | ၁၁၄၀ | ၀.၄၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက် - နမ္မတူမြို့ | ၂၅၉၀၀ | ၁.၃၅' |
| ၂၀။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ - ကြံခင်းမြို့ | ၉၈၄၀၀ | ၀.၂၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၈၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၂၀' |

**(သတင်းစဉ်)**

# ကျောင်းကုန်း၌ ဒါးကမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန် စာသင်ကျောင်းများ ယာယီပိတ်ထားရ

**ကျောင်းကုန်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်းနှင့် မူလတန်းကျောင်း ၃၈ ကျောင်း စုစုပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရပြီဖြစ်သည်။ ဆက်လက်ပိတ်မည့်ကျောင်းများမှလည်း မြို့နယ်ပညာရေးမှူးရုံးသို့ ဖုန်းဖြင့် အဆက်မပြတ်ဆက်သွယ်နေကြောင်း သိရသည်။ ပုသိမ်မြို့ တိုင်းပညာရေးမှူးရုံးသို့ ဩဂုတ် ၁၀ ရက်တွင် ကျောင်းကုန်းတစ်မြို့နယ်လုံး ယာယီပိတ်ခွင့် တောင်းခံထားကြောင်းနှင့် ခွင့်ပြုချက်ရလျှင် ကျောင်းများအားလုံး ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် စိုးရိမ်ရေမှတ် ကျော်လွန်သွားပြီဖြစ်ရာ ရေနစ်မြုပ် လယ်ဧက ၈၅၉၆ ဧက ရှိပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းမှ သိရသည်။

ကျောင်းကုန်းမြို့နယ် ရေအမှတ်မှာ ၁၈ ဒသမ ၁ ပေသို့ ရောက်ရှိနေပြီး ရပ်ကွက်နှင့် ကျေးရွာ ၃၆ ခုမှ အိမ်ခြေ ၂၀၇၃ လုံး နစ်မြုပ်၍ လူဦးရေ ၈၀၃၃ ဦး ရေဘေးဒဏ်ခံစားနေကြရကြောင်း မြို့နယ် ထွေ/အုပ်ရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆေးစိမ်ခြင်ထောင်နှင့် စောင်များ ပေးပို့လှူဒါန်း

**မြန်အောင် ဩဂုတ် ၉**

မြန်အောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် နေအိမ်များ စွန့်ခွာတိမ်းရှောင်နေကြသော ရေဘေးသင့်အိမ်ထောင်စုဝင်များအတွက် ဩဂုတ် ၉ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်း သိုလှောင်ရုံမှ ဆေးစိမ်ခြင်ထောင်အလုံး ၅၀၀ နှင့် စောင်အထည် ၅၀၀ ကို ဘိုကလေးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးသက်နိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်အရာရှိများက မြန်အောင်မြို့ကြက်ခြေနီ သူနာပြုတပ်ရင်းသို့ လာရောက်ပေးအပ်ရာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမိုးမြင့်ခိုင်နှင့် တပ်ဖွဲ့ဝင်အရာရှိများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**



# ခရိုင် လေးခရိုင်တွင် ရေမြုပ်၊ ကမ်းပြိုမှုများ ဖြစ်ပွားလျက်ရှိ

**ပုသိမ် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်လာခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်ခရိုင်များအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ ရပ်ကွက် ၂၆၁ ရပ်ကွက်၊ ကျေးရွာ ၇၀၃ ရွာတွင်ရှိ နေအိမ် ၇၆၁၃၂ အိမ်သို့ ရေဝင်ခြင်း၊ ရေမြုပ်ခြင်းနှင့် ကမ်းပြိုမှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားမှုကြောင့် ဩဂုတ် ၇ ရက်အထိ အိမ်ထောင်စု ၇၅၉၁၇ စု၊ အမျိုးသား ၁၄၉၉၈၉ ဦး၊ အမျိုးသမီး ၁၆၁၅၇၀ စုစုပေါင်း ၃၁၁၅၅၉ ဦးရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

### လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် သီးနှံအမျိုးအစားအလိုက် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှုဧကအခြေအနေ

နေပြည်တော် ဩဂုတ် ၉

| စဉ် | သီးနှံအမည် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | မိုးစပါး | ၃၄၆၈၆၁ | ၂၆၈၉၃ | ၅၃၃၀ | ၂၆၁၀ |
| ၂။ | မိုးစပါး(ပျိုးခင်း) | ၄၂၆၃ | ၈၈၂ | ၃၃၂ | - |
| ၃။ | နွေစပါး(၂၀၁၅-၂၀၁၆) | ၂၄၁၁ | ၁၉၇ | ၁၀၂ | - |
| ၄။ | နွေနှမ်း(၂၀၁၅-၂၀၁၆) | ၁၁၂၉၅ | ၁၁၂၉၅ | ၆၉၀၂ | - |
| ၅။ | အစေ့ထုတ်ပြောင်း | ၇၁၃၆ | ၃၀၅၆ | ၁၆၀၀ | ၅၀ |
| ၆။ | ဖူးစားပြောင်း | ၁၁၂၆ | ၆၅၇ | ၁၃ | - |
| ၇။ | မိုးမြေပဲ | ၅၉၆ | ၂၇၇ | ၆၈ | - |
| ၈။ | မိုးနှမ်း | ၂၅၇၅၀ | ၅၉၉၆ | ၁၄၈၀ | - |
| ၉။ | မိုးနေကြာ | ၄၄၃ | ၅ | ၅ | - |
| ၁၀။ | ချည်မျှင်ရှည်ဝါ | ၁၁၈ | ၁၁ | - | - |
| ၁၁။ | ပဲတီစိမ်း | ၆၀၇၀ | ၃၁၁၆ | ၆၉၁ | - |
| ၁၂။ | ပဲစင်းငုံ | ၆၄၇ | ၄၀၅ | ၂၉ | - |
| ၁၃။ | အခြားပဲ | ၆ | - | - | - |
| ၁၄။ | အခြား ရာသီသီးနှံ | ၉၂၇၈ | ၂၈၇ | ၇၄ | - |
| ၁၅။ | အခြား နှစ်ရှည်သီးနှံ | ၁၃၅ | ၈၈ | ၈၈ | - |
| ပြည်ထောင်စုချုပ် | | ၄၁၆၁၃၅ | ၅၃၁၆၅ | ၁၆၇၁၄ | ၂၆၆၀ |

(သတင်းစဉ်)

### လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် သီးနှံအမျိုးအစားအလိုက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှု ဧကအခြေအနေ

နေပြည်တော် ဩဂုတ် ၉

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၁၄၈ | ၁၄၈ | ၇၆ | - |
| ၂။ | ကချင်ပြည်နယ် | ၁၁၆၄၃ | ၂၁၁၇ | ၁၁၇၉ | ၇၅ |
| ၃။ | ချင်းပြည်နယ် | ၇၁ | ၇၁ | ၂၈ | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၃၈၉၇ | ၇၉၇၀ | ၁၈၃၀ | ၅ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၄၀၆၁၄ | ၆၃၉၈ | ၂၈၄၉ | ၁၇၉၈ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၆၁၃၄၈ | ၂၀၃၃၈ | ၈၂၉၈ | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၆၁၁၆ | ၉၀ | - | - |
| ၈။ | မွန်ပြည်နယ် | ၄၅၀၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၄၈၇၂ | ၅၂၀ | - | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၂၅၆၇၃ | ၁၇၄၉ | ၈၉၈ | ၇၃၂ |
| ၁၁။ | ရှမ်းပြည်နယ် | ၆၅၄၃ | ၄၀၅၁ | ၁၄၆၈ | ၅၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၀၇၁၀ | ၉၇၁၃ | ၈၈ | - |
| ပြည်ထောင်စုချုပ် | | ၄၁၆၁၃၅ | ၅၃၁၆၅ | ၁၆၇၁၄ | ၂၆၆၀ |

(သတင်းစဉ်)

# ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပြည်မြို့နှင့် ဆိပ်သာမြို့တို့၌ ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ သုံးပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်၊ ငဝန်မြစ်နှင့် တိုးမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ၉-၈-၂၀၁၆ ရက်နေ့ မြစ်ရေအခြေအနေပြဇယား




ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ပုသိမ်မြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ညောင်ဦးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ဆိပ်သာမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ပြည်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ဇလွန်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)

## အိုလံပစ်လက်မှတ်အတုရောင်းချသူများအား ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီး

**ရီယိုဒီဂျနေရိုး ဩဂုတ် ၉**

အိုလံပစ်လက်မှတ်အတု လက်ဝယ်ကိုင်ဆောင်ထားသူနှစ်ဦးအား ဘရာဇီးရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၉ ရက်က ဖော်ပြခဲ့သည်။

သောကြာနေ့က ရီယိုဒီဂျနေရိုးရှိ ဟိုတယ်တစ်လုံးတွင် အိုလံပစ်လက်မှတ်များ ရောင်းချနေကြောင်း သတင်းပေးချက်အရ ရဲများက ယင်းဟိုတယ်ကို ရှာဖွေမှုများပြုလုပ်ခဲ့သည်။ အိုလံပစ်လက်မှတ်အတု ၃၂ ခု လက်ဝယ်တွေ့ရှိမှုဖြင့် အိုင်းရစ်ကုမ္ပဏီဥက္ကဋ္ဌနှင့် ၎င်း၏စကားပြန်တို့ကို ရဲအရာရှိများက ဖမ်းဆီးခဲ့သည်။

၎င်းတို့နှစ်ဦးတွင် အိုလံပစ်ဖွင့်ပွဲလက်မှတ် ၇၈၀ ကျော် တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် လက်မှတ်များကို ပွဲကြည့်သူများထံသို့ ဒေါ်လာ ၈၀၀၀ ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယင်းဈေးသည် တရားဝင်လက်မှတ်ရောင်းဈေးထက် လေးဆခန့်ကြီးမြင့်နေကြောင်း သိရသည်။

ရဲတပ်ဖွဲ့များက ၎င်းတို့လက်ထဲတွင် ယခုကဲ့သို့ များပြားသော အိုလံပစ်လက်မှတ်များ ရှိနေခြင်းကို အဖြေရှာလျက်ရှိသည်။ ရီယိုအိုလံပစ်ပွဲ ဖြစ်မြောက်ရေးကော်မတီများက ၎င်းတို့ထံမှ တရားဝင်လက်မှတ်များဝယ်ယူရန် အားကစားချစ်သူပရိသတ်များအား တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ဗီယက်နမ်တွင် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းနှစ်ခုကြောင့် လူ ၂၀ သေဆုံး၊ ပျောက်ဆုံးဒဏ်ရာရရှိသူ ၈၂ ဦးရှိ

**ဟန်နွိုင်း ဩဂုတ် ၉**

ဗီယက်နမ်နိုင်ငံကို တိုက်ခတ်သွားသော အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းနှစ်ခုကြောင့် ဗီယက်နမ်ဒေါင် ၆ ဒသမ ၇ ထရီလီယံခန့် ဆုံးရှုံးသွားကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန (MARD) က ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမီရီနေးနှင့် နီဒါတို့သည် ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လအစောပိုင်းတွင် ဗီယက်နမ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူအနည်းဆုံး ၂၀ သေဆုံးခဲ့ပြီး ပျောက်ဆုံးဒဏ်ရာရသူ ၈၂ ဦးအထိရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံပိုင် သတင်းအေဂျင်စီ (VNA) က ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

တိုင်ဖွန်းမီရီနေးကြောင့် စိုက်ပျိုးမြေဟက်တာပေါင်း ၂၅၆၀၀၀ နီးပါး ရေလွှမ်းမိုးခဲ့ပြီး ဒေသခံများရေဘေးဒုက္ခခံစားခဲ့ရကြောင်း MARD က ပြောကြားခဲ့သည်။

ဓာတ်တိုင် ၃၁၀၀၀ လဲကျခဲ့သောကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများကို ဒေသခံများခံစားနေရကြောင်း သိရသည်။ တိုင်ဖွန်းမုန်တိုင်းများကြောင့် နိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ခန့်မှန်း ဗီယက်နမ်ဒေါင် ၃၈၄ ဘီလီယံအထိ ဆုံးရှုံးခဲ့ကြောင်း MARD က ပြောကြားသည်။

**(ဆင်ဟွာ)**

## ဆိုမာလီယာသမ္မတ ရွေးကောက်ပွဲ အောက်တိုဘာလ၌ ကျင်းပမည်

**မိုဂါဒစ်ရှူး ဩဂုတ် ၉**

ဆိုမာလီယာ၌ သမ္မတသစ်ရွေးချယ်တင်မြှောက်ရန်အတွက် ရွေးကောက်ပွဲများ ကျင်းပမည့် အချိန်စာရင်းကို ဆိုမာလီယာရွေးကောက်ပွဲကော်မရှင်အဖွဲ့က တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဖက်ဒရယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့သဘာပတိ အိုမာမိုဟာမက် အဗ္ဗဒူလီက အထက်လွှတ်တော်ရွေးကောက်ပွဲကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါလီမန်လွှတ်တော်အမတ်လောင်းများကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရွေးချယ်တင်မြှောက်သွားမည်ဟု ပြောကြားခဲ့သည်။

သမ္မတရွေးချယ်တင်မြှောက်ခြင်းကို အောက်တိုဘာ ၃၀ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ပါလီမန်၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ကို အောက်တိုဘာ ၂၅ ရက်တွင် ရွေးကောက်တင်မြှောက်သွားမည်ဖြစ်ကြောင်း အဗ္ဗဒူလီက ပြောကြားသည်။

**(ဆင်ဟွာ)**

# နီပေါတွင် ရဟတ်ယာဉ်တစ်စီးပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ်ပါသူ မွေးကင်းစ ကလေးတစ်ဦးအပါအဝင် ခုနစ်ဦးစလုံးသေဆုံး



**ခတ္တမန္ဒူ ဩဂုတ် ၉**

တနင်္လာနေ့က နီပေါအလယ်ပိုင်း နူဝါကော့သ်ပြည်နယ် မက်ဒန်ပါးလ်ဒေသတွင် ရဟတ်ယာဉ်တစ်စီးပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ်ပါသူ မွေးကင်းစကလေးတစ်ဦးအပါအဝင် ခုနစ်ဦးစလုံးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားခဲ့သည်။

အရှယ်ရောက်သူငါးဦး၊ လေယာဉ်မှူးတစ်ဦးနှင့် မွေးကင်းစကလေးကို ရဟတ်ယာဉ်ပျက်ကျရာနေရာတွင် သေဆုံးလျက်တွေ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာဒက်ဗ်ကွိုင်ရာလာက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် လေယာဉ်ပျက်ကျရာနေရာတွင် တပ်ဖြန့်ချထားမှုများ ဆောင်ရွက်ခဲ့ရသည်။ လေယာဉ်ပျက်ကျရာနေရာသည် ခတ္တမန္ဒူမြို့မှ ၄၅ ကီလိုမီတာဝေးသောနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်မှူး ရမ်ဂျန်လင်ဘူသည် လေယာဉ်ကို ကိုယ်တိုင်မောင်းကာ နီပေါအနောက်ဘက် ဂေါကာပြည်နယ်မှ လူနာတစ်ဦးကို သယ်ဆောင်လာစဉ် လေယာဉ်ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီသီယိုးပီးယားပဋိပက္ခအတွင်း လူ ၉၀ ကျော် သေဆုံး

**အော်ရိုမိုင်ရာ ဩဂုတ် ၉**

အီသီယိုးပီးယားနိုင်ငံ အော်ရိုမိုင်ရာနှင့် အမ်ဟာရာဒေသများတွင် ဆန္ဒပြဆန့်ကျင်သူများကို လုံခြုံရေးအင်အားစုများက သေနတ်ဖြင့် ပစ်ခတ်ထိန်းသိမ်းခဲ့ရာ လူ ၉၀ ကျော် သေဆုံးခဲ့ရကြောင်း မြို့နေပြည်သူများနှင့် အတိုက်အခံခေါင်းဆောင်များက ပြောကြားခဲ့သည်။

အော်ရိုမိုင်ရာတွင် လယ်ယာမြေခွဲဝေချထားမှုကိစ္စရပ်အပေါ် မကျေနပ်မှုများဖြစ်ပွားခဲ့သည်မှာ လအနည်းငယ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ တနင်္ဂနွေနေ့က စတင်၍ ဆန္ဒပြဆန့်ကျင်သူများသည် အစိုးရဆန့်ကျင်သည့် ကြွေးကြော်သံများ ပြုလုပ်ကာအလံများကို ဝှေ့ယမ်းခဲ့ကြသည်။ အချို့မှာ အကျဉ်းချခံထားရသည့် နိုင်ငံရေးသမားများ လွှတ်ပေးရေး တောင်းဆိုခဲ့ကြသည်။




အမ်ဘို၊ ဒမ်ဘီဒိုလိုနီကမ့်တ်အပါအဝင် အော်ရိုမိုင်ရာရှိ မြို့နယ် ၁၀ ခုထက်မနည်းတို့တွင် ပဋိပက္ခကြောင့် သေဆုံးရမှုများရှိခဲ့ပြီဖြစ်သည်။ လူ ၂၆ ဦး ဒဏ်ရာရရှိပြီး အချို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ ငြိမ်ဝပ်ပိပြားမှုကို ပျက်ယွင်းစေသည့် ဥပဒေနှင့်မညီသောဆန္ဒပြဆန့်ကျင်မှုကို ထိန်းချုပ်နိုင်ရေးကြိုးပမ်းနေကြောင်း နိုင်ငံပိုင်အီသီယိုပီယန်သတင်းအေဂျင်စီက ဖော်ပြသည်။

**(ရိုက်တာ)**

# အိုလံပစ်ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူမှာ ငယ်စဉ်က ရေကြောက်သူတစ်ဦးဖြစ်



**ရီယိုဒီဂျနေရိုး ဩဂုတ် ၉**

ဗြိတိန်နိုင်ငံအတွက် ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရယူပေးခဲ့သူမှာ ငယ်စဉ်က ရေကြောက်သူတစ်ဦးဖြစ်ခဲ့သည်။ ရေကူးချန်ပီယံ၏အမည်မှာ အဒမ်ပီတီဖြစ်ပြီး ၁၉၈၈ ခုနှစ်မှစ၍ ဗြိတိန်နိုင်ငံသည် အိုလံပစ်ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် ဝေးခဲ့ရာမှ ၎င်းက ပထမဦးဆုံးအကြိမ်အဖြစ် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် စတန်းဖို့ဒ်ရှိုင်းယားဇာတိဖြစ်ပြီး အသက် ၂၁ နှစ်သာရှိသေးသည်။ ၎င်း၏ အဘွားဖြစ်သူက ပီတီမှာ ငယ်စဉ်အခါက ရေကူးရခြင်းကို မနှစ်သက်ကြောင်း၊ ငယ်စဉ်က ရေကိုကြောက်ကြောင်း၊ ၎င်း၏ မိခင်က ရေကူးကန်သို့ ခေါ်သွားတိုင်း ကြောက်လန့်တကြားအော်လေ့ရှိကြောင်း ပြောပြခဲ့သည်။ ၎င်းသည် ယခုအခါ အိုလံပစ်ရေကူးချန်ပီယံဖြစ်လာရုံမျှမက ကမ္ဘာ့စံချိန်ချိုးနိုင်သူတစ်ဦး ဖြစ်လာခဲ့သည်။

၎င်း၏မိခင်ဖြစ်သူကလည်း သားဖြစ်သူ ပီတီသည် တခြားသော လူငယ်များကဲ့သို့ ပါတီတက်ခြင်း၊ အရက်သောက်ခြင်းများမပြုလုပ်ဘဲ ၎င်း၏အိပ်မက်ကို ပုံဖော်နိုင်ရန်သာ တစိုက်မတ်မတ်ကြိုးပမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။ ရေကူးပြိုင်ပွဲ၌ ပီတီ၏ ယှဉ်ပြိုင်မှုကို မိသားစုနှင့် သူငယ်ချင်းများက အားပေးခဲ့ကြသည်။

**(ဘီဘီစီ)**

# လုပ်ငန်းပြီးစီးရေးကို ဦးမတည်ဘဲ ပြီးတဲ့လုပ်ငန်းတိုင်း အများပြည်သူ၏ အသက်အန္တရာယ်ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်

**ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၅/၀ မှ မိုင်တိုင်၂၅/၀ အထိလမ်းပိုင်းနှင့် မိုင်တိုင် ၁၆၃/၀ မှ မိုင်တိုင် ၁၇၃/၀ အထိလမ်းပိုင်း စုစုပေါင်းလမ်းမိုင် ၂၀ ပြုပြင်ခြင်းလုပ်ငန်းအား ရက် ၁၀၀ စီမံချက်တွင် ထည့်သွင်း၍ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူကို အသိပေးပြောကြားခဲ့သည်။**

**ယခုအခါ စီမံချက်ကာလ ကုန်ဆုံးပြီဖြစ်သည့်အတွက် အဆိုပါလမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကြည်ဇော်မြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**





ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကြည်ဇော်မြင့်

**မေး ။ ရက် ၁၀၀ အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ဆောင်ရွက်ခဲ့တဲ့အခြေအနေကို ရှင်းပြပေးပါ။**

ဖြေ ။ ရက် ၁၀၀ အတွင်း အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှု လျှော့ချရေးကိုဦးတည်တဲ့ လုပ်ငန်းသုံးခုဆောင်ရွက်ဖို့ စီစဉ်ခဲ့ပါတယ်။ ပထမတစ်ခုကတော့ ရှေ့ပြေးစီမံကိန်းအနေနဲ့ အမြန်လမ်းမိုင် ၂၀ ပြုပြင်မှုလုပ်ငန်း ဆောင်ရွက်ပါတယ်။ ဒုတိယတစ်ခုကတော့ မကြာခဏ ယာဉ်မတော်တဆမှုဖြစ်ပွားတတ်တဲ့ အမြန်လမ်းမကြီးရဲ့ ၂၂ နေရာမှာ ဘာကြောင့် ယာဉ်မတော်တဆမှုဖြစ်လဲဆိုတာ သုံးသပ်ပြီး နေရာအလိုက် လိုအပ်တဲ့ ပြုပြင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ အဲ့ဒီနေရာတွေမှာ လိုအပ်သလို Guard Rail တွေ၊ Rumble Strip တွေ၊ သတိပေးဆိုင်းဘုတ်တွေ၊ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ဆင်သလို ညဘက်မတော်တဆမှုတွေဖြစ်တတ်တဲ့နေရာမျိုးဆိုရင် ဆိုလာမီးတိုင်တွေ တပ်ပါတယ်။ တတိယတစ်ခုကတော့ မတော်တဆမှုဖြစ်ပွားတတ်တဲ့နေရာ ၂၂ နေရာမှာ Road Patrol Unit တွေထားပြီး ကားတွေနဲ့ စောင့်ကြည့်ပါတယ်။ စောင့်ကြည့်တယ်ဆိုတာက ယာဉ်မတော်တဆမဖြစ်ပွားဖို့ ကြိုတင်သတိပေးတာဖြစ်သလို ဖြစ်ပွားခဲ့ရင်လည်း အနီးကပ်ချက်ချင်း ကူညီနိုင်အောင် ဖြစ်ပါတယ်။

**မေး ။ လုပ်ငန်းပြီးစီးမှု အခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ မကြာခဏယာဉ်မတော်တဆမှုဖြစ်ပွားတတ်တဲ့ ၂၂ နေရာမှာ လိုအပ်တဲ့ ပြုပြင်တဲ့လုပ်ငန်းဆောင်ရွက်တာ ရာနှုန်းပြည့်ပြီးပါတယ်။ မတော်တဆဖြစ်တတ်တဲ့ ၂၂ နေရာမှာ Road Patrol Unit တွေထားပြီး စောင့်ကြည့်တာလည်း အောင်မြင်တယ်။ အဲ့ဒီနေရာတွေမှာ မတော်တဆမှုတွေ မဖြစ်တော့တာ တွေ့တယ်။ ရှေ့ပြေးစီမံချက်အနေနဲ့ ဆောင်ရွက်တဲ့ အမြန်လမ်းမိုင် ၂၀ ပြုပြင်မှုက နှစ်မိုင်ပဲပြီးပါတယ်။

**မေး ။ ရက် ၁၀၀ စီမံချက်နဲ့ဆောင်ရွက်တဲ့ ဒီလုပ်ငန်းက ၁၀ ရာခိုင်နှုန်းလောက်ပဲပြီးတာဟာ ဘယ်အရာတွေက လုပ်ငန်းအတွက် အဟန့်အတားဖြစ်နေတာလဲခင်ဗျာ။**

ဖြေ ။ ဘာကြောင့်မပြီးခဲ့သလဲဆိုတော့ ဒီဇိုင်းပုံစံထုတ်တဲ့ လုပ်ငန်း၊ လမ်းပခုံး ဘယ်လိုပုံစံနဲ့တည်ဆောက်မလဲဆိုတဲ့ ဒီဇိုင်း Process လုပ်ငန်းတွေမှာ တော်တော်အချိန်ပေးခဲ့ရပါတယ်။ နေ့စဉ်နီးပါးမိုးရွာနေတာကလည်း တည်ဆောက်ရေးလုပ်ငန်းတွေကို အခက်တွေ့စေခဲ့ပါတယ်။ မိုးမရွာတဲ့ရက်က ၁၅ ရက်ထက်မပိုခဲ့ပါဘူး။ Quality Control Unit ကလည်း သတ်မှတ်ထားတဲ့ အရည်အသွေးမပြည့်ရင် လုံးဝကို အခင်းမခံပါဘူး။ အဓိကကတော့ အရည်အသွေးကို မလျှော့ဘူး။ ဒီလမ်းက အများပြည်သူလုံခြုံမှုနဲ့ဆိုင်တဲ့အတွက် စိတ်ချလုံခြုံမှုရအောင် အရည်အသွေးကို လုံးဝအထိအခိုက်မခံပါဘူး။ အဲ့ဒီအရည်အသွေးဟာ ပြည်သူ့အသက်လုံခြုံရေးနဲ့ပတ်သက်ပါတယ်။ အမြန်လုပ်လိုက်ပြီးမှ ဒီနေရာမှာ လမ်းတစ်ခုခုနိမ့်သွားလို့ မတော်တဆမှုဖြစ်သွားရင် ကျွန်တော်တို့ တာဝန်ဖြစ်သွားမှာပါ။

**မေး ။ ဒီမိုင် ၂၀ ပြုပြင်တဲ့အခါမှာ လမ်းလယ်ကျွန်းကို ဖျက်ပြီး လမ်းရဲ့အတွင်းဘက်ခြမ်းကို ဘာကြောင့်ချဲ့ရတာပါလဲ။**

ဖြေ ။ ဒီလမ်းကို ဒီအတိုင်းချဲ့လိုက်ရင် ဒီပုံပဲထွက်လာမှာပါ။ ရေဝပ်တာလည်း ပြန်ဖြစ်ရင်ဖြစ်မယ်။ တချို့နေရာတွေမှာ Level ပြန်ညှိရမှာတွေ၊ ဖြည့်ရမှာတွေ ဖြောင့်ရမှာတွေ ရှိတယ်။ ဒီလမ်းမိုင် ၂၀ က အမှန်တော့ လမ်းလယ်ကျွန်းကို ၅ ပေစီလမ်းချဲ့တာ မဟုတ်ပါဘူး။ လမ်းအတွက် လိုအပ်တဲ့ လမ်းပခုံးတွေထည့်ပြီး လမ်းအသုံးပြုတဲ့ ပြည်သူတွေ အသက်အန္တရာယ်ဘေးကင်းလုံခြုံစွာ သွားလာနိုင်ဖို့ တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလမ်းကို ဘယ်လောက်မြှင့်ရမယ်၊ ဘယ်လောက်နှိမ့်ရမယ် ဆိုတာတွေကို ဒီဇိုင်းအသေးစိတ်ပြန်ထုတ်ရပါတယ်။

**မေး ။ အခုလမ်းမိုင် ၂၀ ပြုပြင်တဲ့လုပ်ငန်းစီမံချက်ကာလက မိုးရာသီထဲမှာဖြစ်နေတော့ လုပ်ငန်းခွင်မှာ ဆုံးရှုံးမှုအလေအလွင့်တွေ မဖြစ်ဘူးလားခင်ဗျာ။**

ဖြေ ။ မိုးတွင်းမှာ ဒီလိုလုပ်တဲ့အတွက် ပျက်စီးမှုမရှိခဲ့ပါဘူး။ အတွေ့အကြုံတွေရခဲ့ပါတယ်။ မိုးရွာရင်ပျက်စီးမှုမရှိအောင် အမိုးတွေမိုးပြီးတော့ လုပ်ငန်းကိုဆောင်ရွက်ခဲ့ရပါတယ်။

**မေး ။ အခုအချိန်ကလည်း မိုးကမပြတ်သေးဘူးဆိုတော့ လုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်နေပါသလဲ။ ဘယ်တော့လောက်ပြီးဖို့ ရှိပါသလဲ။**

ဖြေ ။ မိုးရွာရင် အလုပ်လုပ်လို့ရအောင် အမိုးတွေ မိုးပြီး လုပ်နေပါတယ်။ မိုးမရွာတဲ့အချိန် AC ခင်းဖို့ စောင့်ပြီး လုပ်နေပါတယ်။ ဒါကို အောက်တိုဘာလကုန်အပြီး ပြီးစီးအောင် လုပ်ဆောင်သွားမှာပါ။

**မေး ။ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကွန်ကရစ်တုံးတွေနဲ့ ပလတ်စတစ်ပိုက်ကွန်တွေက တစ်မိုင်နီးပါးလောက် ကာရံထားတာဟာ လမ်းအသုံးပြုသူတွေ၊ ယာဉ်မောင်းတွေအတွက် အခက်အခဲဖြစ်စေတယ်လို့ သိရပါတယ်။ ဘယ်လိုဖြေရှင်း ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ပုံမှန်ဆို တစ်မိုင်ကို နှစ်ပတ်နဲ့ပြီးပါတယ်။ ပထမဆုံး လေးဖာလုံကို မြေကြီးလုပ်ငန်းလုပ်တယ်။ နောက်ထပ် မြေကြီးလုပ်ငန်း လေးဖာလုံဆက်လုပ်မယ်။ အဲဒီအချိန်မှာ မြေကြီးလုပ်ငန်းပြီးတဲ့ လေးဖာလုံမှာ ကျောက်ခင်းတာတို့ ကတ္တရာကွန်ကရစ် AC ခင်းတာတို့ လုပ်မှာဖြစ်ပါတယ်။ အဲ့ဒီလိုနဲ့ ရှေ့ကမြေကြီးလုပ်ငန်းပြီးရင် နောက်က လမ်းအလွှာခင်းတဲ့အဖွဲ့က ရှေ့ကိုဆက်လက်ဆောင်ရွက်သွားဖို့ပါ။ အခုလုပ်ငန်းတွေ မပြီးတဲ့အတွက် အခုလိုဖြစ်သွားတာပါ။ အခုဟာက ပွင့်လင်းရာသီမှာ လုပ်ရင် ဘာမှမကြာပါဘူး နှစ်ပတ်လောက်ပဲကြာမှာပါ။

**မေး ။ လက်ရှိအခြေအနေမှာ လမ်းအတွက် ဘတ်ဂျက် ဘယ်လောက်သုံးစွဲထားပြီး ပြီလဲခင်ဗျာ။**

ဖြေ ။ ဘတ်ဂျက်သုံးစွဲမှုကတော့ သိပ်မရှိသေးပါဘူး။ Guard Rail တွေ၊ Rumble Strip တွေ၊ သတိပေးဆိုင်းဘုတ်တွေ၊ လမ်းညွှန်ဆိုင်းဘုတ်တွေ၊ ဆိုလာမီးတိုင်တွေ တပ်ဆင်တာတွေလောက်ပဲ အသုံးပြုရသေးပါတယ်။

**မေး ။ ဒီလမ်းနဲ့ပတ်သက်လို့ ဖြည့်စွက်ပြောချင်တာရှိရင် ပြောကြားပေးပါ ခင်ဗျာ။**

ဖြေ ။ လမ်းတစ်လမ်းမှာ အဓိကကတော့ သတ်မှတ်ထားတဲ့ လမ်းပုံစံအပြည့်အစုံရှိရမယ်။ လမ်းပခုံးမှာ လက်ဝဲဘက် (shoulder)၊ လက်ယာဘက် (shoulder) နှစ်ခု တည်ဆောက်ရတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ရန်ကုန်နဲ့နေပြည်တော်အပိုင်းမှာ လက်ဝဲဘက် လမ်းပခုံး မရှိဘူး။

လမ်းတွေမှာ သတ်မှတ်ထားတဲ့လမ်းပခုံးတွေမရှိရင် မမျှော်မှန်းနိုင်တဲ့ မတော်တဆမှု ပိုဖြစ်တာတွေ့ရပါတယ်။ အမြန်လမ်းမှာ ကီလိုမီတာ ၁၀၀ နဲ့ မောင်းနှင်တော့ တစ်ခုခုများ လွဲမှားခဲ့ရင် လမ်းလယ်ကျွန်းဘက်မှာ လမ်းပခုံးမရှိတဲ့အပြင် လမ်းလယ်ကျွန်းကလည်း အမြင့်ဖြစ်တဲ့အတွက် မမျှော်မှန်းနိုင်တဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေ အများကြီးသွားတွေ့ရတယ်။ ဒါကြောင့် ရက် ၁၀၀ စီမံချက်မှာ ဒီလမ်းပခုံးကို ပြုပြင်တည်ဆောက်ဖို့၊ လမ်းလယ်ကျွန်းကို ပြုပြင်ဖို့ ထည့်ခဲ့တာဖြစ်ပါတယ်။

လမ်းလယ်ကျွန်းကို အနိမ့်ပုံစံလုပ်မယ်။ နောက်ပြီးရင် လိုအပ်တဲ့လက်ဝဲဘက် လမ်းပခုံးကို ငါးပေတိုးချဲ့ တည်ဆောက်မယ်။ အဲဒီလိုစီမံချက်ထားခဲ့တာဖြစ်ပါတယ်။ ဘာဆက်လုပ်မလဲဆိုတာကတော့ မိုင် ၂၀ ကို အပြီးတည်ဆောက်သွားမှာပါ။ အခုလည်း အရှိန်ရနေပါပြီ။ ရာသီဥတု ကောင်းရင်ကောင်းသလို အရှိန်မြှင့်ပြီးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အောက်တိုဘာလကုန်ပြီးဖို့ မှန်းထားပါတယ်။

ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကတော့ လုပ်ငန်းပြီးစီးရေးကို ဦးမတည်ဘဲနဲ့ ပြီးတဲ့လုပ်ငန်းတိုင်းသည် အများပြည်သူရဲ့ အသက်အန္တရာယ်ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်တဲ့ သဘောအနေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့်ပါ။ ရာသီဥတုကို ခန့်မှန်းထားပြီးသားပါ။ ဒီနှစ်ကလုံးဝပြောင်းလဲသွားတယ်။ စီမံချက်ဆွဲတုန်းကတော့ တစ်မိုင်ကို ၁၀ ရက် မိုးရွာတဲ့ ရက်တွေ အကုန်လုံးပယ်ထားပြီးဖြစ်ပါတယ်။ ပုံမှန်ရာသီဥတု မဟုတ်တာကြောင့်ပါ။ ရက် ၁၀၀ စီမံကိန်းမှာ မိုးရာသီကို ရက် ၃၀ ထည့်ဆွဲထားပါတယ်၊ မိုးရွာရက်က မပြတ်ဘူးဖြစ်သွားတယ်။ ရသမျှကိုတော့ အမိုးတွေမိုးပြီး လုပ်ကိုင်နေပါတယ်။

ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်(သတင်းအဖွဲ့)**

## ရတနာပုံတက္ကသိုလ်စာသင်ဆောင်များ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ပါဝင်



**မန္တလေး ဩဂုတ် ၉**

ရေဝတီမြစ်ရေကြီးမှုကြောင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်ရှိ စာသင်ဆောင်များ အတွင်းသို့ အမှိုက်သရိုက်များနှင့် နုန်းများ တင်ခဲ့သည်။ အဆိုပါကျောင်းဆောင် ၁၁၇ ဆောင်ကို ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးမင်းဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးမှ ဝန်ထမ်းများ စုစုပေါင်း ၆၃၀ က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ညှော့လမ်းညွှန်(အခြေခံ) သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၉**

ညှော့လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၅၁)ဆင်းပွဲကို ဩဂုတ်လပထမပတ်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ မေ ၃၀ ရက်မှ ဇူလိုင် ၂၂ ရက်အထိ သင်တန်းသားသင်တန်းသူ ၁၁၅ ဦးဖြင့် ဖွင့်လှစ်ခဲ့သည်။

**(သတင်းစဉ်)**

## ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ခနုဖြူ ဩဂုတ် ၉**

ခနုဖြူမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဩဂုတ်လပထမပတ်က ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ဆေးကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက ဆေးဝါးဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ဆက်လက်လုပ်ဆောင်ရမည်များအား ရှင်းလင်းပြောကြားပြီး ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး) ဒေါ်မေမြတ်မွန်က ဆေးဝါးရောင်းချခြင်းဆိုင်ရာများ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ တက်ရောက်လာသည့် ဆေးကိုယ်စားလှယ်များ၊ ဆေးဆိုင်ပိုင်ရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တိုင်းဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာများသို့ ရန်ပုံငွေလွှဲအပ်

**ကျောက်ဖြူ ဩဂုတ် ၉**

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာအား ရန်ပုံငွေလွှဲအပ်ပေးခြင်းနှင့် ပညာပေးသင်တန်းပို့ချခြင်းအခမ်းအနားကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာခုနစ်ရွာအတွက် ငွေကျပ်သိန်း ၂၁၀၀ ကို အရင်းမပျောက်လည်ပတ် ရန်ပုံငွေဖြင့် ကျေးရွာခုနစ်ရွာအတွက် အိမ်ခြေ ၇၈၂ အိမ်၊ အိမ်ထောင်စု ၈၀၄ စုတို့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပြီး မြို့နယ်တွင် ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ အထိ မြစိမ်းရောင်ကျေးရွာပေါင်း ၂၂ ရွာရှိ အိမ်ခြေ ၂၆၇၆ အိမ်၊ အိမ်ထောင်စု ၂၇၇၁ စုအလုပ်အကိုင်အခွင့်အလမ်းများရရှိခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# တိုင်းဒေသကြီးအတွင်းဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာများတွင် ဆရာ ဆရာမများအား ဦးစားပေးနေရာချမည်

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီးအတွင်းဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ ၃၄ လုံး၊ အခန်းပေါင်း၄၂၈ခန်း ပြီးစီးသွားပါက ဆရာ ဆရာမများအား ငှားရမ်းမည့် တိုက်ခန်း၏ ၅၀ ရာခိုင်နှုန်းကို ဦးစားပေး၍ နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။ ဝန်ထမ်းတိုင်းအား နေရေးအတွက် စီစဉ်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်နေသော်လည်း လက်ရှိ တွင် အနာဂတ်နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ကြမည့် မူလတန်းမှ အထက်တန်းအဆင့် အထိ ပညာသင်ကြားပေးနေကြသည့် ဆရာ ဆရာမများအား ၎င်းတို့၏လုပ်ငန်းအပေါ်တွင် ယုံကြည်မြတ်နိုးမှုရှိစေရန် ဦးစားပေး ရွေးချယ်နေရာချထားပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြောသည်။

"ဆရာ ဆရာမတွေဟာ သူတို့ရဲ့အလုပ်အပေါ်မှာယုံကြည်မှု မရှိရင် နှလုံးသားမရှိတဲ့ အနာဂတ်ခေါင်းဆောင်တွေ၊ ပညာရှင်တွေ ထွက်ပေါ်လာနိုင်တယ်။ ဒါကြောင့် သူတို့ရဲ့အလုပ်အပေါ်မှာ အားကိုးတန်ဖိုးထားပြီး သင်ကြားမှုရှိလာနိုင်ဖို့ အခုလိုဦးစားပေး ရွေးချယ်ခြင်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းစုစုပေါင်း၏ ၅ ရာခိုင်နှုန်းကိုသာ အိမ်ရာများချထားပေးနိုင်သေးသဖြင့် ဝန်ထမ်းတိုင်း အိမ်ရာနေထိုင်ခွင့်ရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အမှန်တကယ်လိုအပ်သူများသာ နေထိုင်ခွင့်ရရှိစေရန်လည်း မူဝါဒအသစ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

"နောင်ဝန်ထမ်းအိမ်ရာတွေ ချထားပေးတဲ့အခါမှာ လစာနည်း ဝန်ထမ်းကို ဦးစားပေးမယ်။ လစာချင်းတူရင် လုပ်သက်များသူကို ဦးစားပေးမယ်။ လုပ်သက်ချင်းတူနေရင် အိမ်ထောင်ဘက် ဝန်ထမ်းရှိသူကို ဦးစားပေးရွေးချယ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်နေတဲ့မြို့မှာ အိမ် (သို့မဟုတ်) မြေယာပိုင်ဆိုင်ထားတဲ့ ဝန်ထမ်းတွေ အိုးအိမ်ဦးစီးဌာနရဲ့ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ထားသူဝန်ထမ်းတွေ လျှောက်ထားဖို့ မလိုဘူးဆိုတဲ့ မူဝါဒအသစ်တွေ ချမှတ်ထားပါတယ်"ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးမည့် မြို့နယ်များအနက် အောင်မြေသာစံမြို့နယ်တွင် လေးခန်းတွဲ လေးထပ်သုံးလုံး၊ ချမ်းမြသာစည်မြို့နယ်တွင် လေးခန်းတွဲ လေးထပ်တစ်လုံး၊ ကျောက်ဆည်မြို့ နယ်တွင် လေးခန်းတွဲ သုံးထပ် လေးလုံး၊ မြင်းခြံမြို့နယ်တွင် လေးခန်းတွဲ လေးထပ် တစ်လုံးနှင့် လေးခန်းတွဲ သုံးထပ်တစ်လုံး၊ တောင်သာမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ နွားထိုးကြီးမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ မိတ္ထီလာမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ ဝမ်းတွင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ မလှိုင်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ သာစည်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ ရမည်းသင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်သုံးလုံး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ ပြင်ဦးလွင်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ်သုံးလုံး၊ မိုးကုတ်မြို့ နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံးနှင့် သပိတ်ကျင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရေဘေးသင့်ကျေးရွာများသို့ သောက်သုံးရေနှင့်စားနပ်ရိက္ခာလှူဒါန်း

**သရက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ ဧရာဝတီမြစ်ရေ အနည်းငယ်ကျဆင်းခဲ့သော်လည်း သောက်သုံးရေ၊ အစားအသောက်များ အခက်အခဲရှိနေသဖြင့် ရေပေါ်ကျွန်းကျေးရွာနှင့် ပိသလိမ်းကျေးရွာများသို့ စေတနာရှင်များက ဩဂုတ် ၇ ရက်က စားနပ်ရိက္ခာ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဆရာတော်သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ၊ ဗုဒ္ဓဘာသာမြန်မာလူငယ်များအဖွဲ့ မကွေးမြို့ ဇမ္ဗူရာဇ်ရွှေဆိုင်ပိုင်ရှင် ကိုသူရစိုး-မအေးအေးမော် မိသားစုက ဆန်ငါးအိတ်စုပေါင်းလှူဒါန်းခဲ့သည်။

ရေပေါ်ကျွန်းကျေးရွာတွင် ကျန်ရှိနေသည့် အိမ်ထောင်စုများအတွက် ပဲထမင်းဘူးများ၊ သောက်ရေသန့်ဘူးကြီးများ၊ ပိသလိမ်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ပြည် ၆၀၀၊ ငါးသေတ္တာဘူးကြီး ၁၀၀၊ ဆီ ၅၀ သားဘူး ၁၀၀၊ ခါတ်ဆားထုပ်များကို ပေးဝေနိုင်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခဲ့ပြီး သွားရောက်လှူဒါန်းရန် အတွက် သရက် ဘိလပ်မြေစက်ရုံမှူးကြီး ဦးအောင်စိုးနိုင်က ဗန္ဓုရဇက် ရေယာဉ်အား မေတ္တာဖြင့်အကူအညီပေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# စာပေဗိမာန်စာမူဆု ၂၀၁၅ ပြိုင်ပွဲ ၊ ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူများပေးပို့ကြရန်နှိုးဆော်

**ရန်ကုန် ဩဂုတ် ၉**

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Tapan Biswal တည်းဖြတ်သည့် "GOVERNANCE & CITIZENSHIP" စာအုပ်မှ "Governance" "Citizenship" "The Concept of Good Governance" နှင့် "Rights and Obligations of Citizens and Civic Culture" အခန်းလေးခန်းကို ထုတ်နုတ်ပြဋ္ဌာန်းကြောင်း၊ ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့်ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာလက်ခံမည်ဖြစ်ပြီးပုံစံနှင့် စည်းကမ်းချက်များကိုစာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည်စာအုပ်တန်ဖိုးနှင့်စာအုပ် ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၁၇၀၀ ကိုငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ဖုန်း ဝ၁-၃၇၆၅၆၉၊ ဝ၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်ကြောင်း၊ ဘာသာပြန်စာမူကို ဩဂုတ်လ ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ (စီမံ) ၊ စီမံရေးရာဌာနစု၊ စာပေဗိမာန်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင် နိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နှင့်ဇူလိုင် ၆ရက်တို့၌ နှိုးဆော်ကြေညာပြီးဖြစ်သည်။

သို့ပါ၍ စာပေဗိမာန်စာမူဆု (၂၀၁၅) ပြိုင်ပွဲဘာသာပြန်စာမူဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည်ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဦးစီးအရာရှိ (စီမံ)၊ စီမံရေးရာဌာနစု၊ စာပေဗိမာန်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ပေးပို့ကြရန် စာပေဗိမာန်က ထပ်မံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မိုးနှမ်းရိတ်သိမ်းချိန် တို့ရှမ်းအညာတစ်ခွင် (သို့မဟုတ်) “နှမ်းဆီအိုးကြီး”အမည်တွင်သည့် လင်းခေးဒေသ

■ စိုင်းဇော်လတ်(လင်းခေး) ■



ဟိုရှေး အခါဝယ်
ပေါ်များရန်စွယ်
ကျားဆိုးအန္တ ရာယ်
ရှိခဲ့လေသည် ။
သူတို့ကာကွယ် ကျားဆိုးရန်ပယ်
နှစ်ပင်ယှက်လိမ် နွယ်သစ်ပင်ကို
ပုခက်လွှဲဟန် ဖန်တီးပြန်၍
ရှောင်တိမ်းစောင့်တစ်ဖန် ကျားဆိုးမာန်ဟုန်
“လင့်စင် ” စုံသည် “လန်းခိူဝ်း” မည်ကာသူတို့
သမုတ်ခဲ့ကြသည်။

လန်း..ဆိုသည်ကား လင့်စင်(ရှမ်းအခေါ်)၊ခိူဝ်း(ခေး)ဆိုသည်က နွယ်များဖြင့် ရက်လုပ်ထားသည့် (နွယ်ပုခက်သဏ္ဍာန်စင်) ဖြစ်သည်။

လင်းခေးမြို့တည်စ ရှေးယခင်က ထိုဒေသတွင် ကျားဆိုးပေါ်များခဲ့သောကြောင့် နွယ်သစ်ပင်ကိုအသုံးပြုလုပ်ကာ ကျားဆိုးအလာကို စောင့်ကြည့်ခဲ့ကြရသည်ဟု မြို့သမိုင်းအရ ဆိုထားပါသည်။

ထိုသမိုင်းရာဇဝင်မှသည် လန်းခိူဝ်းအား “လင်းခေး” ဟု ယနေ့တိုင်အမည်မှည့် ခေါ်ဆိုလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ်တစ်ခွင်တွင် ယခုအချိန်ခါသမယ၌ မိုးသီးနှံများ ဆွတ်ခူးရိတ်သိမ်းချိန် ကာလသို့ရောက်ရှိခဲ့ပြီဖြစ်သောကြောင့် ဒေသခံတောင်သူများက မိုးနှမ်း(နှမ်းလျှင်)ကို စတင်ရိတ်သိမ်းနိုင်လေသည်။ နှစ်စဉ်နှစ်တိုင်း ကဆုန်လဆန်း လေးငါးရက်ရောက်လျှင် မြေယာထွန်ယက်ကာ မိုးနှမ်း စတင်ကြဲပက်စိုက်ပျိုးကြပါသည်။ လင်းခေးဒေသရှိ နှမ်းစိုက်တောင်သူအများစုသည် သက်တမ်း ၆၅ ရက်ကြာ(နှမ်းလျှင်အဖြူ ၊အနီ)နှင့် ရက်တစ်ရာ၊ တစ်ရာ့နှစ်ဆယ်ကြာ ဒေသအခေါ်(ငှားလံ)တရုတ်မျိုးနှမ်းစေ့ အနက်ရောင်ကို မြေအနေအထား၊ ရာသီဥတုအနေအထားများနှင့် ကိုက်ညီသောကြောင့် ယင်းနှမ်းမျိုးတို့ကို ပိုမိုစိုက်ပျိုးလေ့ရှိကြသည်။ စိုက်ပျိုးကြသူတိုင်းအတွက် စီးပွားရေးတွက်ခြေကိုက်ကြောင်း တောင်သူများက ပြောသည်။

ယခုနှစ်တွင် အချိန်မှန်မိုးရွာသွန်းခဲ့သဖြင့် မိုးနှမ်းဆောလျင်စွာ ဖြစ်ထွန်းသည်။ ထို့ကြောင့် ၆၅ ရက် သက်တမ်းကြာ(နှမ်းနီ)ကို ယခင်နှစ်များထက်စောစွာ ရိတ်သိမ်းနိုင်ကြခြင်းဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။ နှမ်းစေ့ကြဲချိန်၊ အပင်ပေါင်းသင်ချိန်၊ အပွင့်ပွင့်ချိန်နှင့် နှမ်းသီးချိန်တို့၌ ကိုက်ညီစွာ မိုးမှန်ခဲ့သဖြင့် ...

“ ဒီနှစ်မိုးကောင်းတယ်။ အခုလိုဝါဆိုလကွယ်ရက် နောက်ဆုံးထားပြီး မိုးနှမ်းကို ကျွန်မတို့ရိတ်သိမ်းနိုင်တယ်။ ဒီနှစ်မှာလည်း လင်းခေးနှမ်းဆီ ဈေးကောင်းရနိုင်ပါတယ်။ ဆီပုံးငယ်တစ်ပုံးကို ငွေကျပ် ၅၀၀၀၀ ထက်မနည်း ရောင်းဈေးရနိုင်တယ်။ အရင်နှစ်တွေလိုပဲ ဈေးရှိမယ်။ အခုလက်ရှိ လင်းခေးနှမ်းဆီဈေးက ငွေကျပ် ၅၂၀၀၀၊ ၅၃၀၀၀ ရှိပြီး နှမ်းအသစ်မရိတ်ခင်မှာ အဲဒီလောက်ဈေးပေါက်နေပါတယ်...”ဟု မိုးနှမ်းရိတ်သိမ်းနေသူ တောင်သူများက ပြောသည်။

“လာမယ့် ဝါခေါင်လကွယ်လောက်မှ တရုတ်နှမ်း(နှမ်းကြီး)ကို ရိတ်သိမ်းနိုင်မှာဖြစ်တယ်။ သူက သက်တမ်းရှည်တယ်။ အနည်းဆုံး ရက်တစ်ရာကနေ တစ်ရာ့နှစ်ဆယ်ရက်မှမှည့်ပြီး ရိတ်သိမ်းလို့ရတယ်..။ နှမ်းကြီးလို့ခေါ်တဲ့ တရုတ်နှမ်းကိုတော့ ဒီကတောင်သူတွေက ဆီမကြိတ်တော့ဘဲ နှမ်းစေ့ကိုပဲ အိတ်အလိုက် ရောင်းချကြတယ်။

“၂၄ ပြည်ဝင် နှမ်းတစ်အိတ်ကို ငွေကျပ်၅၀၀၀၀ နဲ့ ၆၀၀၀၀ ဈေးရကြတယ်။ ဒါကြောင့် ကျွန်မတို့ လင်းခေးနှမ်းစိုက်တောင်သူများအားလုံး မိသားစုစီးပွားရေး အဆင်ပြေခဲ့ကြပါတယ်”။

“...ကျွန်မက သုံးဧကခွဲစိုက်ပျိုးပါတယ်။ ရာသီဥတုမိုးမှန်ရင် တစ်နှစ်မှာ နှမ်းဆီ ၁၀ ပုံး အထက်ရရှိပါတယ်။ မိုးနောက်ကျခဲ့မယ်ဆိုရင်တော့ ရှစ်ပုံး၊ ကိုးပုံးပဲရတယ်။ မိသားစုဝင်ငွေက ကျပ် ၅၀၀၀၀၀၊ ၆၀၀၀၀၀ ထက်မနည်းရရှိပြီး အိမ်အတွက် စားဆီ (တစ်နှစ်စာ)ဝယ်မစားရတော့ မီးဖိုချောင်စရိတ်သက်သာပါတယ်။ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်လုပ်ရကျိုးနပ်ပါတယ်”ဟု နှမ်းစိုက်တောင်သူတစ်ဦးက ဆက်လက်ပြောသည်။

သို့ဖြစ်၍ ဤဒေသခံ တောင်သူအများစုမှာ ဒေသရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးသီးနှံ နှမ်း၊ မြေပဲ၊ ပြောင်းဖူးနှင့်ကြံတို့ကို စီးပွားဖြစ်စိုက်ပျိုးကြရာတွင် ဆီထွက်သီးနှံဖြစ်သည့် နှမ်းအားအဓိကစိုက်ပျိုးကြသည်ကို လေ့လာတွေ့ရှိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင် အတွင်း လင်းခေးဒေသမှ နှမ်းဆီအများဆုံးထွက်ရှိသည်သာမက လင်းခေးနယ်ထွက် နှမ်းဆီစစ်စစ်သည် ဤနယ်တစ်ဝိုက် နာမည်ကြီးသည်။ ထိုသို့ နှမ်းဆီအများဆုံးထွက် အကောင်းဆုံးဟုလည်းဆိုရသောကြောင့် ရှမ်းမြေအညာခေါ်လင်းခေးဒေသသို့ ရောက်ခဲ့ဖူးသူ၊ သိရှိဖူးသူတိုင်းက “လင်းခေးနှမ်းဆီအိုးကြီး” ဟုပင် သမုတ်ခေါ်ဆိုခဲ့ကြသဖြင့် ...

စာရေးသူက “မိုးနှမ်းရိတ်သိမ်းချိန် ရှမ်းအညာမြေတစ်ခွင်” အား ထင်ဟပ်ပေါ်လွင်စေရန် ရှမ်းမြေကအညာ လင်းခေးဒေသအကြောင်း တစေ့တစောင်း ဖော်ပြရေးသားရခြင်းဖြစ်ပါသည်။

လင်းခေးမြို့သည် ကမ္ဘောဇဒွာနေ ရှမ်းပြည်နယ်မှ ဒေသတစ်ခုဖြစ်သော်ငြားလည်း တောင်ပေါ်ချိုင့်ဝှမ်း (ဒယ်အိုးသဏ္ဍာန်)ရှိသောနေရာတွင် တည်ထားသော မြို့တစ်မြို့ဖြစ်သည်။ သဘာဝရာသီဥတုအားဖြင့် မိုးနည်းရပ်ဝန်း ပူအိုက်စွတ်စိုသော အရပ်ဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၉၉၆ ပေသာ ရှိပြီး တစ်နှစ်ပတ်လုံးရွာသွန်းသည့် ပျမ်းမျှမိုးရေချိန် အများဆုံး (တစ်လက်မခန့်)သာရွာသွန်းသောကြောင့် မြေလတ်အညာဒေသနှင့်မခြားသည့် ရှမ်းအညာဒေသတစ်ခုဖြစ်ပေသည်။

သို့ဖြစ်၍ အညာဒေသထွက် ဆီး၊ မန်ကျည်း၊ တမာ ၊ မာလကာ ၊ သရက် ၊ ထနောင်း၊ ကုက္ကို၊ ဥသျှစ်၊ အုန်း၊ ငှက်ပျော၊ သင်္ဘောပင်၊ ရှောက်၊ သံပရာပင်များအပြင် စွယ်တော်၊ လဲလူ၊ ငါးရံ့ပလူ စသည့် အသီးအရွက်များပေါ်များသည်။ ဒေသ စီးပွားရေးစိုက်ပျိုးသီးနှံများအဖြစ် ဆန်စပါးအသင့်အတင့် ဒေသဝမ်းစာ ဖူလုံရုံ မျှသာစိုက်ပျိုးနိုင်ပြီး များသောအားဖြင့် တောင်ယာစပါး၊ နှမ်း၊ မြေပဲ၊ ကြံ၊ ပြောင်း၊ ပဲစင်းငုံတို့ကို စီးပွားဖြစ် စိုက်ပျိုးနိုင်သည့် အနေအထားရှိလေသည်။ ထို့ကြောင့် ဒေသနေ တောင်သူများမှာ အဆိုပါသီးနှံများကိုသာ အဓိကအားကိုး အားထားပြုစိုက်ပျိုးအသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်လျက်ရှိသည့်ဒေသတစ်ခုဖြစ်သည်။

အထက်ကဆိုခဲ့သည့်အတိုင်း မိုးနှမ်းရိတ်သိမ်းချိန် နှမ်းဆီထွက်ချိန်ကာလဝါလကင်းလွတ်သီတင်းကျွတ်တော့မည်ဆိုလျှင် အခြားဒေသများမှ မိတ်ဆွေများက လင်းခေးနှမ်းဆီစစ်စစ်ကို မြို့အရောက် ကိုယ်တိုင်လာရောက်ဝယ်ယူလေ့ရှိသည်။ သို့တည်းမဟုတ် ကယားပြည်နယ်(လွိုင်ကော်ဒေသ)မှ သံဃာစာသင်ကျောင်းများအတွက် ဆရာတော်များအဖွဲ့က နှစ်စဉ်လင်းခေးနှမ်းဆီ အလှူခံကြွရောက်ကြပါသည်။ ထိုအခါ လင်းခေးနှမ်းစိုက်တောင်သူများက သဒ္ဓါတတ်အားသရွေ့စေတနာထား၍ နှမ်းဆီလှူဒါန်းပေးကြသည်။ နှမ်းစိုက်တောင်သူမဟုတ်သူများကလည်း တောင်သူများထံမှ တစ်ဆင့်ဝယ်ယူ လှူဒါန်းပေးခြင်းပြုကြသော မြင်ကွင်းများက ရှမ်းအညာမြေ၏ ...နှမ်းဆီအိုးကြီးအလှ၊ သီတင်းကျွတ်ကာလ လှူကြ၊ ဒါန်းကြ နှမ်းစိုက်တောင်သူတို့ ဝမ်းမြောက်ပီတိဖြစ်ကြရသည့်ပုံရိပ်များ၊ “တစ်မူးရှိလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား”ရှမ်းအညာကအိုးစည်သံများ၊ မညီမညာကဗျာဆန်စွာလှုပနေသည့် လွိုင်လုံတောင်တန်းကြီးနှင့် နမ့်တိန်းချောင်းနံဘေးတွင် အမောအပန်းဖြေစရာ သဘာဝရှုခင်းအလှများအား ကြည့်ရှုခံစားရင်း ...လင်းခေးဒေသသို့ ရောက်ဖူးသူ၊ မရောက်ဖူးသေးသူ တောင်ပေါ်မြေပြန့်မှ ညီအစ်ကိုများအားလုံး တစ်ခေါက်တစ်ခါဖြင့် အရောက်လာခဲ့စေချင်ပါကြောင်း “မိုးနှမ်းရိတ်သိမ်းချိန် တို့ရှမ်းအညာမြေတစ်ခွင်..” အားဖြင့် တစ်စိတ်တစ်ဒေသ ဖိတ်ခေါ် ရေးသားလိုက်ရပါသည်။ ။

# ဒဂုံတက္ကသိုလ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၉**

တက္ကသိုလ်ဝင်းအတွင်း ကျောင်းသား ကျောင်းသူများ စနစ်တကျအမှိုက်များ စွန့်ပစ်လာတတ်စေရန်၊ အမှိုက်ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်နှင့် တက္ကသိုလ်ရှိ လူငယ်အဖွဲ့အစည်းအချင်းချင်း ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ ဒဂုံတက္ကသိုလ်မှ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၆၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၃၀နှင့် ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၃၀ တို့ ပူးပေါင်းကာ ဒဂုံတက္ကသိုလ်ပတ်ဝန်းကျင် သန့်ရှင်းရေး ဩဂုတ်လ စီမံချက် ပထမပတ်လှုပ်ရှားမှုကို ဩဂုတ် ၅ ရက်မှ စတင်၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။



ယင်းဒဂုံတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းရေးလှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ်များပြုလုပ်ပြီးပါက ကျန်နှစ်ပတ်အတွင်း အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများ၊ ဗီနိုင်းပိုစတာများကို အများနှင့် သက်ဆိုင်သည့်နေရာများတွင် ကပ်ခြင်း၊ အသိပညာစာရွက်စာတမ်း ဖြန့်ဝေခြင်းများလည်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ကန့်ဘလူ ဩဂုတ် ၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)များ ထုတ်ပေးလျက်ရှိရာ ဩဂုတ်လပထမပတ်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအုပ်စု ကာဘိုးကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး ကျေးလက်နေပြည်သူများအား မြေငှားဂရန်များ ပေးအပ်ခဲ့သည်။ ကာဘိုးကျေးရွာ အိမ်ခြေ ၄၃ ခုအတွက် မြေငှားဂရန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်က အိမ်ခြေ ၆၆ ခုကို ပေးအပ်ခဲ့ကြောင်းနှင့် ကျန်အိမ်ခြေများအတွက် မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## စာမူပေးပို့ကြသူများအား မေတ္တာရပ်ခံခြင်း

**မြန်မာ့အလင်းသတင်းစာတိုက်သို့ ဆောင်းပါး၊ သတင်း၊ သတင်းဆောင်းပါးနှင့် ကာတွန်း၊ ကဗျာစာမူများ ပေးပို့ကြသည့် စာမူရှင်များ၊ သတင်းထောက်များသည် စာမူများသတင်းစာတွင် ဖော်ပြပြီးပါက စာမူခများချီးမြှင့်ရာ၌ လည်းကောင်း၊ စာမူနှင့်ပတ်သက်၍ ဆက်သွယ်မှုများပြုလုပ်ရာတွင်လည်းကောင်း လွယ်ကူလျင်မြန်စေရန်အတွက် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်များ ထည့်သွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။** မြန်မာ့အလင်းစာတည်းအဖွဲ့

# ဘားအံမြို့တွင် Kayin State Public Forum ကျင်းပ



**ဘားအံ ဩဂုတ် ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ တွေ့ဆုံခြင်းဖြင့် နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ရရှိလာစေရန်နှင့် ဒီမိုကရေစီ အလေ့အထဖြစ်သောတိုင်ပင် ဆွေးနွေးခြင်းအလေ့အထကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Kayin State Public Forum ကို ဩဂုတ် ၇ ရက်က တော်ဝင်ရတနာဟိုတယ်၌ ကျင်းပခဲ့သည်။

"ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမြှင့်တင်ဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့၊ တာဝန်ယူမှုတာဝန်ခံမှုရှိဖို့၊ ပြည်သူတွေပူးပေါင်းပါဝင်နိုင်ဖို့ အဲဒါတွေကို အဓိကရည်ရွယ်ပါတယ်။ အခု အစိုးရတက်လာတာက ရက်ပေါင်း ၁၀၀ ကျော်ပဲရှိသေးတယ်ဆိုတော့ ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ CSO တွေ၊ ပြည်သူလူထုတွေတိုက်ရိုက်ထိတွေ့ပြီး တစ်ယောက်နဲ့တစ်ယောက်ကြားမှာ သိနိုင်အောင်လို့ ဒီဖိုရမ်ကို ကျင်းပရခြင်းဖြစ်တယ်"ဟု ပရိုဂရမ်ဒါရိုက်တာ ကိုမျိုးထိုက်တန်သိန်းက ပြောသည်။

ဖိုရမ်တွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် KAS Country Director တို့က အမှာစကားပြောကြားကြပြီး ဝန်ကြီးချုပ် နှင့်ဝန်ကြီးများအား တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးကြကာ ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်းဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းကြသည်။

အဆိုပါဖိုရမ်သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌဒေါ်နန်းသူဇာဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ KAS Country Director Mr. Norbert Eschborn၊ Mr. Julian Rothkopf၊ BAYDA Institute မှ ဒါရိုက်တာ ဦးရန်နောင်သိမ်း၊ ပရိုဂရမ် ဒါရိုက်တာ ဦးမျိုးထိုက်တန်သိန်း၊ အရပ်ဘက် CSO အဖွဲ့ဝင်များ၊ ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ ဘားအံမြို့နှင့် လှိုင်းဘွဲမြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်း



**မန္တလေး ဩဂုတ် ၉**

ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ်လပထမပတ်က မန္တလေးမြို့ လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်ရှိ ဆေးတက္ကသိုလ် (မန္တလေး) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ ဆေးတက္ကသိုလ်ကျောင်းသားဟောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဦး၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး တွဲဖက် ပါမောက္ခဒေါက်တာခင်မြမွန်နှင့် တာဝန်ကျ ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးချိန်ပေးခြင်း၊ သွေးဖောက်ပေးခြင်း စသည့်လိုအပ်မှုများကို ကူညီလုပ်ကိုင်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌနှင့် ကျောင်းသားဟောင်း ဆရာဝန်များက အင်အားဖြည့် အစားအစာအာဟာရများ၊ သောက်ရေသန့်အအေးများ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သီရိမင်္ဂလာဈေးသစ်ရှေ့ ရေမြောင်းအတွင်းမှ အမှိုက်များဆယ်ယူရှင်းလင်း



**ရန်ကုန် ဩဂုတ် ၉**

သီရိမင်္ဂလာဈေးသစ်ကားလမ်း ဘေးရေမြောင်းအတွင်းရှိ အမှိုက်များ၊ အဆင့်မြင့်တိုက်တန်းများ ရှေ့ကားလမ်း ပေါ်တွင် ဩဂုတ်လပထမပတ်က သက်ဆိုင်ရာမှ ယင်းနေရာများတွင် ဆယ်ယူရှင်းလင်းမှုများ ပြုလုပ်လာသည်ကို မြင်တွေ့ရသည်။

ယင်းနေရာတွင် မြောင်းဖုံးများမရှိသဖြင့် ထပ်မံ၍ မြောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းမရှိရန် အလေးထားလုပ်ဆောင်ပေးပါက ယင်းရေမြောင်းတွင် ရေစီးရေလာ ပိတ်ဆို့ခြင်းမရှိဘဲ လွယ်လင့်တကူအနီးရှိ ပိတောက်ချောင်းအတွင်းသို့ ဝင်နိုင်မည်ဖြစ်သည်။

ယခင်က ပိတောက်ချောင်းကားလမ်းဖြတ်ခုံးတံတားပေါ်မှ ပိတောက်ချောင်းအတွင်း အမှိုက်များစွန့်ပစ်နေသည်ကို မြင်တွေ့ခဲ့ရဖူးသည် ။

ယခုအခါ ယင်းပိတောက်ချောင်းတံတားအလွန် ဘုရင့်နောင်ကားလမ်းဘေး အမှိုက်မပုံရတားမြစ်ထားသည့် လမ်း နယ်နိမိတ်အတွင်း အမှိုက်မျိုးစုံ စွန့်ပစ်ထားသည်ကို များပြားစွာတွေ့လာရသည်။

သီရိမင်္ဂလာဈေးသစ်ရှေ့ ဘုရင့်နောင် ကားလမ်းမဘေး အရှေ့ခြမ်းရှိ အဆင့်မြင့်တိုက်တန်းများ ရှေ့ကားလမ်းပေါ် တွင် ရေအိုင်ကို မိုးရာသီကာလနှင့် ဆောင်းရာသီကာလဝန်းကျင်ထိ မြင်တွေ့နေကြရသဖြင့် ဩဂုတ် ၆ ရက်က သက်ဆိုင်ရာ မှ ယင်းကားလမ်းဘေး တစ်ဖက်တစ်ချက်စီရှိ ရေမြောင်းများ ဖော်ယူရှင်းလင်းခြင်းနှင့် ထွက်ရှိလာသော မြောင်းအတွင်းမှ အမှိုက်မျိုးစုံကို မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားသည်ကို မြင်တွေ့ရပြီး ယင်းသို့ လုပ်ဆောင်မှုကြောင့် ကားလမ်းပေါ်မှ ရေများကျဆင်းသွားကြောင်း သိရသည်။

**ခင်ဆိုင်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများလွှဲအပ် ရန်ပုံငွေစီမံခန့်ခွဲမှု သင်တန်းပို့ချ

**ပုဏ္ဏားကျွန်း ဩဂုတ် ၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းပို့ချမှုကို ဇူလိုင်လနောက်ဆုံးပတ်က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန့်ဇင်က စီမံကိန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ယခင်က စီမံကိန်းကျေးရွာ ၂၆ ရွာကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာလူထုကို အထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ယခုနှစ်နှင့်ဆိုလျှင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းကျေးရွာပေါင်း ၃၂ ရွာကိုစီမံကိန်းရန်ပုံငွေဖြင့်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**

# ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်

၁။ နေ့စဉ်မျက်နှာသစ်၊ သွားတိုက်ပါ။ ပုံမှန်ခေါင်းလျှော်၊ ရေချိုးပါ။ လက်သည်း၊ ခြေသည်းမှန်မှန်ညှပ်ပါ။

၂။ အစာမစားမီ၊ အပြင်မှပြန်လာတိုင်း၊ အညစ်အကြေးကိုင်ပြီးတိုင်း၊ အိမ်သာတက်ပြီးတိုင်းနှင့် မွေးစကလေးငယ်ကိုမကိုင်တွယ်မီလက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စင်ကြယ်အောင်ဆေးပါ။

၃။ ရေကိုကျိုသောက်ပါ။ ရေတွင်း၊ ရေကန်အနီး ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မလုပ်ရပါ။

၄။ အဆီများလွန်း၊ အချိုများလွန်း၊ ငန်လွန်းသောအစားအစာများကိုရှောင်ပါ။ ညသိပ်ထား သော ရက်လွန်အစာများ၊ အမှည့်လွန်အသီးအနှံများ၊ ယင်နားစာများမစားသင့်ပါ။

၅။ ဘယ်အချိန်၊ ဘယ်နေရာမှာ အိပ်အိပ် ခြင်ထောင်ဖြင့်အိပ်ပါ။

၆။ တောမထိုင်ပါနှင့် ယင်လုံအိမ်သာသုံးပါ။ အမှိုက်များကို စနစ်တကျကျင်းတူးစွန့်ပစ်ပါ။

၇။ အရက်၊ ဆေးလိပ်၊ ကွမ်းတို့ကြောင့်ငွေကုန်ကာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်သဖြင့် လျှော့ပါ၊ ရှောင်ပါ။

၈။ အပျော်အပါးလိုက်စားခြင်း၊ စိတ်ကြွဆေးနှင့် မူးယစ်ဆေးတို့ကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို ဆိုးရွားစွာထိခိုက်နိုင်၍ အစမလုပ်ပါနှင့် ရှောင်ပါ။

၉။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ အပင်ရွက်ဖျန်းဆေးများကို အစားအစာများနှင့် ရောနှောမထားရ၊ ကလေးများလက်လှမ်းမမီသော နေရာတွင်ထားပါ။

၁၀။ ကိုယ်ဝန်ရှိလျှင် ကျန်းမာရေးဝန်ထမ်းများထံ စောင့်ရှောက်မှုခံယူပါ။ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးဖွားရန်စီစဉ်ပါ။

၁၁။ မွေးစမှငါးနှစ်အထိ ကလေးများကို ကျန်းမာရေးဝန်ထမ်းများမှ ပြောကြားသည့် ကာကွယ်ဆေးထိုးအစီအစဉ်အတိုင်း ထိုးပါ။ တိုက်ပါ။

၁၂။ နေမကောင်းဖြစ်လျှင် ကျန်းမာရေးဝန်ထမ်းနှင့်ပြသပါ။ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းဖြင့် ရေအားလျှပ်စစ်ဖွင့်

**ကျောက်ဖြူ ဩဂုတ် ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အမ်းမြို့နယ် အမ်းတောင်ကျေးရွာအုပ်စု ဆင်ခုံတိုင်ကျေးရွာ အသေးစားရေအား လျှပ်စစ်လုပ်ငန်းဖွင့်ပွဲကို ဇူလိုင်လနောက်ဆုံးပတ်တွင် တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါရေအားလျှပ်စစ် အတိုင်းအတာမှာ KW 30 ဖြစ်ပြီးအိမ်ခြေ ၈၀ ကိုဓာတ်အား ပေးနိုင်မည်ဖြစ်ကြောင်းနှင့် အမ်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၅၇)

# ရခိုင်သမိုင်းဆိုင်ရာ စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ဩဂုတ် ၆ ရက်က ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)က ကြီးမှူး၍ ရခိုင်သမိုင်းဆိုင်ရာ စာပေဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ဆရာကြီး ဒေါက်တာအေးချမ်းက အမှာစကားပြောကြားပြီး ဗုဒ္ဓဂါယာ အပြည်ပြည်ဆိုင်ရာ သံဃကောင်စီဥက္ကဋ္ဌမဟာဗောဓိရိပ်သာ ကျောင်းတိုက်နှင့် ဥရုဝေလတောင်စခန်းရိပ်သာကျောင်းတိုက်တို့၏ အဓိပတိနာယက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒမုနိက "ရှေးဟောင်းရခိုင်အက္ခရာသမိုင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားစာပေဆုရ စာပေဗိမာန်ဆုရှင် ရခိုင်စာရေးဆရာကြီး ဖိုးကျော့က "ရခိုင်သမိုင်းဖြစ်ရပ်နောက်ခံပြုဝတ္ထုများ ဖန်တီးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရခိုင်သမိုင်းရေးရာများ ဟောပြောခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အပိတ်မိတ်ဆက်စကားပြောကြားကာ ဒေါက်တာစန္ဒမုနိက ဟောပြောပွဲသို့ကြွရောက်အားပေးကြသည့် စာပေချစ်မြတ်နိုးသူများကို ဗုဒ္ဓဂါယာအခမဲ့ဘုရားဖူးခွင့် ဆုနှစ်ဆုနှင့် ဗလာမပါကံစမ်းမဲများ လှူဒါန်းခဲ့သည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်

**မိုးညို ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေကြီးနေသောကျေးရွာများရှိ ရေဘေးသင့်ပြည်သူများ ခိုလှုံနေထိုင်ရန်အတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားပေးသည့် သခင်လှရှိန်ရပ်ကွက် မဟာသုမင်္ဂလာသီဟ ကြေးသွန်းဘုရားကြီး ပရဝဏ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းအဆောက်အအုံများတွင် ရေဘေးသင့်ကျေးရွာများဖြစ်သည့် ကျားကျွန်းကျေးရွာ၊ ဆင်ကျွန်းကျေးရွာ၊ ငါးတောင်ကွင်းကျေးရွာ၊ အောင်မိုးဟိန်းကျေးရွာ၊ ဗောဓိကုန်း (စကောကုန်းရွာ)၊ ငှက်ပျောတုံးကျေးရွာစသည့် ကျေးရွာခြောက်ရွာမှ အိမ်ခြေပေါင်း ၁၉၂ လုံး၊ လူဦးရေ ၆၂၀ ခိုလှုံလျက်ရှိသည်။ ယာယီကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် သံဃာတော်အရှင်မြတ်များ၊ စေတနာရှင်ပြည်သူ များ၊ အဖွဲ့အစည်းများ စုပေါင်း၍ နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# အိုလံပစ်မှာ ဂျာမနီ၊ ဘရာဇီးတို့ အောင်ပွဲခံနိုင်ပါ့မလား

■ မိုးမြင့်လင်းလက်



အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲတွေကို ကျင်းပနေပြီဖြစ်လို့ မမျှော်လင့်တဲ့ရလဒ်ထွက်ပေါ်မှုတွေလည်း ရှိနေပြီဖြစ်ပါတယ်။ အုပ်စုပွဲစဉ်အချို့ယှဉ်ပြိုင်ပြီးသွားချိန်မှာ ဂျပန်နဲ့ နိုင်ဂျီးရီးယားပွဲမှာ ဂျပန်ကွင်းလယ်ကစားသမား အီတီဘိုက တစ်ဦးတည်း လေးဂိုးသွင်းကာ ခြေစွမ်းပြခဲ့သလို ဖီဂျီနဲ့ တောင်ကိုရီးယားအသင်းတို့ပွဲမှာလည်း တောင်ကိုရီးယားတို့က ရှစ်ဂိုးအထိ သွင်းယူကာ အောင်ပွဲခံနိုင်ခဲ့တာကလည်း အံ့အားသင့်စရာရလဒ်တွေပဲဖြစ်ပါတယ်။ ဩဂုတ် ၁၀ ရက်ညနဲ့ ၁၁ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေကလည်း ပရိသတ်တွေအတွက် ရင်ခုန်စရာကောင်းနေဦးမှာ အမှန်ပါပဲ။

### ဂျာမနီနှင့် ဖီဂျီ

ပထမပွဲစဉ်မှာ တောင်ကိုရီးယားအသင်းကို ရှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ဖီဂျီအသင်းဟာ အခုပွဲ ဂျာမနီနဲ့တွေ့ရမှာမို့ ဂိုးစံချိန်တင်အသွင်းမခံရရေး အဓိက ဦးတည်ကစားရတော့မှာဖြစ်ပါတယ်။ ဂျာမနီတို့ကလည်း အုပ်စုပွဲစဉ်(၁)မှာ မက္ကဆီကိုအသင်းကို ဂိုးမရှိသရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာ ပေါက်ကွဲဖို့များနေပါတယ်။ ဂျာမနီဟာ အခုအိုလံပစ်အမျိုးသား ဘောလုံးပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ မျှော်မှန်းနေတဲ့အသင်းဖြစ်လို့ ဖီဂျီကို သွင်းနိုင်သမျှ ဂိုးရအောင် သွင်းယူပါလိမ့်မယ်။ ဂျာမနီတို့ ဂိုးပြတ်အောင်ပွဲခံသွားပါလိမ့်မယ်။

### ဒိန်းမတ်နှင့် ဘရာဇီး

ဒိန်းမတ်တို့ အုပ်စုအဖွင့်ပွဲစဉ်မှာ နှစ်ပွဲကစားလေးမှတ်ရထားပြီး ဘရာဇီးတို့ကတော့ ပွဲစဉ်နှစ်ပွဲသရေပွဲဖြစ်ခဲ့လို့ နှစ်မှတ်သာရရှိထားပါတယ်။ လက်ရှိခြေစွမ်းအရ ဒိန်းမတ်တို့က ပုံမှန်ခြေစွမ်းရနေသလို ဘရာဇီးတို့ကလည်း နိုင်ပွဲရလိုစိတ်ပြင်းပြနေပါတယ်။ ခံစစ်ပိုင်းကောင်းမွန်တဲ့ ဒိန်းမတ်ကို ဘရာဇီးတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### ဂျပန်နှင့် ဆွီဒင်

ပြီးခဲ့တဲ့ပွဲစဉ်မှာ ကိုလံဘီယာအသင်းကို သရေကစားနိုင်ခဲ့တဲ့ ဆွီဒင်အသင်းဟာ ဂုဏ်သိက္ခာတက်နိုင်ရေးအတွက် ဂျပန်ကိုအကြိတ်အနယ် ကစားရတော့မှာဖြစ်ပါတယ်။ ဂျပန်တို့ကတော့ ကိုလံဘီယာကို သရေကစားခဲ့ပေမယ့် နိုင်ဂျီးရီးယားကို ရှုံးခဲ့တာမို့ အခုပွဲမှာတော့ ဂျပန်တို့ နောက်တစ်ဆင့်တက်နိုင်ရေး မျှော်လင့်ချက်မရှိသလောက်ပါပဲ။ ခံစစ်ပိုင်းအားနည်းမှုရှိတဲ့ ဂျပန်တို့ဟာ ဆွီဒင်ရဲ့ ထိုးဖောက်မှုအားကောင်းတဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်မလားကြည့်ရမယ့်ပွဲပါ။ အကြိုက်က ဆွီဒင်ဖြစ်ပြီး ဂိုးမပြတ်ဘဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ကိုလံဘီယာနှင့် နိုင်ဂျီးရီးယား

ဂျပန်ကို နိုင်အောင်ကစားထားတဲ့ နိုင်ဂျီးရီးယားတို့ အခုပွဲမှာ ကိုလံဘီယာအသင်းကိုလည်း နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ကိုလံဘီယာတို့က ဆွီဒင်ကို သရေပွဲဖြစ်အောင် ကစားခဲ့ရလို့ အခုပွဲမှာ အနိုင်ရလဒ်ကို မဖြစ်မနေ ပုံဖော်ဖို့ရှိနေပြီဖြစ်ပါတယ်။ ကိုလံဘီယာအသင်းဟာ တိုက်စစ်အားကောင်းသလို ကွင်းလယ်ပိုင်းကစားအားလည်း ကောင်းမွန်တာမို့ ဒီပွဲမှာ ကိုလံဘီယာတို့ နောက်တစ်ဆင့်တက်ရေး အနိုင်ရော၊ သွင်းဂိုးပါ ရရှိနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### တောင်အာဖရိကနှင့် အီရတ်

အီရတ်တို့က အသင်းလိုက် နားလည်မှုရှိရှိနဲ့ ကစားနိုင်ပြီး ကွင်းလယ်ကစားအား ကောင်းနေပါတယ်။ တောင်အာဖရိကတို့ရဲ့ တိုက်စစ်က အားရစရာမကောင်းသလို ကွင်းလယ်နဲ့ ခံစစ်ပိုင်းချိတ်ဆက်မှုက လိုအပ်ချက်တွေရှိနေပါတယ်။ ဒါပေမယ့် တောင်အာဖရိကအသင်းဟာ ဘရာဇီးအသင်းကို သရေပွဲရအောင် ကစားထားနိုင်တာကို သတိပြုရမှာဖြစ်လို့ ဒီပွဲမှာ အီရတ်တို့ သိပ်တော့မလွယ်ပါဘူး။ အီရတ်ရဲ့အသင်းလိုက် ကြိုးစားအားထုတ်မှုနဲ့ အနိုင်ရလိုစိတ် ပြင်းထန်မှုတွေကြောင့် ဒီပွဲမှာ အီရတ်တို့ အောင်ပွဲခံသွားဖို့တော့ ရာနှုန်းများနေတာတော့ အမှန်ပါပဲ။

## လူကာကူ အချိန်မီကစားနိုင်မည်

ခြေဖနောင့်ဒဏ်ရာရသွားတဲ့ လူကာကူဟာ ပရီမီယာလိဂ်အဖွင့်ပွဲမှာ ပါဝင်ကစားဖို့ သံသယမရှိဘူးလို့ အဲဗာတန်နည်းပြ ရော်နယ်ကိုးလ်မန်းက ဆိုပါတယ်။ လူကာကူဟာ ခြေဖနောင့်ဒဏ်ရာကြောင့် သုံးချက်ချုပ်ထားရသော်လည်း လာမယ့် သီတင်းပတ်မှာ စတင်မယ့် ပရီမီယာလိဂ်အဖွင့်ပွဲမှာ ပါဝင်ကစားနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

အဲဗာတန်အသင်းဟာ အဖွင့်ပွဲမှာ စပါးနဲ့ ကစားရမှာဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ အက်စ်ပန်ညိုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ လူကာကူ ဒဏ်ရာရရှိသွားခဲ့တာဖြစ်ပါတယ်။ လူကာကူဟာ ချယ်လ်ဆီးက ပေါင် ၇၅ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားခံခဲ့ရသူဖြစ်ပါတယ်။ လူကာကူဟာ ဒဏ်ရာရထားသော်လည်း လာမယ့်သီတင်းပတ်မှာ အဲဗာတန်နဲ့ စပါးတို့ကစားမယ့်ပွဲမှာ ပါဝင်လာလိမ့်မယ်လို့ ဆိုပါတယ်။ အဲဗာတန်အသင်းရဲ့ အောင်မြင်မှုအတွက် လူကာကူက အဓိကပံ့ပိုးပေးနိုင်မယ်လို့ ဆိုပါတယ်။ အဲဗာတန်အသင်းရဲ့အောင်မြင်မှုတွေအတွက် လူကာကူဟာ အဓိကအဆုံးအဖြတ်ပေးမယ့် တိုက်စစ်မှူးဖြစ်ပါတယ်။

လူကာကူဟာ ပြီးခဲ့တဲ့ရာသီက အဲဗာတန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြဂိုးတွေ သွင်းယူပေးနိုင်ခဲ့တဲ့အတွက် ချယ်လ်ဆီးရဲ့ပစ်မှတ်ထားခြင်းကို ခံခဲ့ရပါတယ်။ သို့သော်လည်း အဲဗာတန်နည်းပြ ကိုးလ်မန်းကတော့ သူ့ကို ရောင်းမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ လာမယ့်ရာသီမှာ လူကာကူဟာ အဲဗာတန်မှာပဲ ဆက်လက်ခြေစွမ်းပြကစားနိုင်ပါတယ်။

## မော်တော်ကားပေးတဲ့အသင်းတွေထဲမှာ လက်စတာက ဘိုင်ယန်မြူးနစ်နောက်မှာဟုဆို




လက်စတာအသင်းရဲ့ ကစားသမားတွေကို ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခဲ့တဲ့အတွက် အသင်းပိုင်ရှင်က ပေါင် ၁၀၅၀၀၀ တန်ဖိုးရှိတဲ့ BMW ကားတွေ ပေးခဲ့ပါတယ်။ ဒါပေမယ့် ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ် ဘိုင်ယန်မြူးနစ်ကိုတော့ ယှဉ်နိုင်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ၂၀၀၂ ခုနှစ်ကတည်းက နွေရာသီတိုင်းမှာ ကစားသမားတိုင်းကို Audi ကားသစ်တွေ ပေးခဲ့တယ်လို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ် စပွန်ဆာ Audi က ၂၀၀၂ ခုနှစ်မှာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အဓိကရှယ်ယာပိုင်အသင်းကြီး ဖြစ်လာပြီးတဲ့နောက် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ကစားသမားတွေကို Audi ကားတွေပေးခဲ့တယ်လို့ ဆိုပါတယ်။ Audi ဟာ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဟမ်းဘတ်နဲ့ FC အင်ဂိုစတက်အသင်းတွေနဲ့လည်း အလားတူ စပွန်ဆာစာချုပ်ထားတာပါ။ လက်စတာအသင်းဟာ ကစားသမားတွေ ပျော်ရွှင်စွာကစားနိုင်ဖို့ ကားတွေပေးထားတဲ့ ဥရောပမှာ တစ်သင်းတည်းလို့ မဆိုနိုင်ပါဘူး။ ဘိုင်ယန်မြူးနစ်က နှစ်စဉ်နှစ်တိုင်း သူ့ကစားသမားတွေကို ကားသစ်တွေပေးပြီး ချီးမြှင့်တယ်လို့ ဆိုပါတယ်။

## ပေါလ်စခိုး၊ ဂျရတ်တို့လိုခြေစွမ်းပြမယ့် ပေါ့ဂ်ဘာ



မန်ယူက ပေါင်သန်း ၁၁၀ နဲ့ခေါ်ယူမယ့် ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာဟာ ပရီမီယာလိဂ်မှာ ကွင်းလယ်ကစားသမားတွေအဖြစ် နာမည်ကြီးခဲ့တဲ့ ပေါလ်စခိုး၊ ဂျရတ်နဲ့ လမ်းပတ်တို့လို အောင်မြင်တဲ့ ကွင်းလယ်ကစားသမားဖြစ်လာလိမ့်မယ်လို့ ယုံကြည်ကြောင်း နည်းပြ မော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ပေါ့ဂ်ဘာဟာ မန်ယူနဲ့ စာချုပ်နိုင်ဖို့ ဆေးစစ်မှုခံယူနေပြီလို့ ဆိုပါတယ်။ ပေါ့ဂ်ဘာဟာ မန်ယူကို ဖလားရအောင်ယူပေးမယ့် အဓိကကစားသမားတစ်ဦး ဖြစ်လာလိမ့်မယ်လို့လည်း မန်ယူရဲ့ ဂန္ထဝင်ကစားသမားကြီး ရိုင်ယံဂစ်က ဆိုပါတယ်။ ပေါ့ဂ်ဘာဟာ ဂိုးစည်းရေိယာတစ်ဖက်ကနေ အခြားဂိုးရေိယာသို့ အရောက်ပို့ပေးရာမှာ အလွန်ထူးခြားပြောင်မြောက်တဲ့ ကွင်းလယ်ကစားသမားဖြစ်တယ်လို့ ဇန်ဟားလ်နေရာမှာ ဆက်ခံတဲ့ မန်ယူနည်းပြ မော်ရင်ဟိုက ဆိုပါတယ်။ သူဟာ တိုက်စစ်မှူးတွေထက် ဂိုးတွေပိုသွင်းမယ့်ကွင်းလယ်ကစားသမားလို့လည်း မော်ရင်ဟိုက ဆိုပါတယ်။ မန်ယူအနေနဲ့လည်း ပေါ့ဂ်ဘာကို ပရီမီယာလိဂ်မှာ အကောင်းဆုံးကွင်းလယ်ကစားသမားဖြစ်လာဖို့ မျှော်လင့်နေပါတယ်။

■ ကောင်းမြတ်သူ - စုစည်းသည်။ ■

# ကယ်ဆယ်ရေးစခန်းသုံးခုသို့ ရိက္ခာပစ္စည်းများ လာရောက်လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေ မြင့်တက်နေခြင်းကြောင့် လတ်တလောတွင် ကယ်ဆယ်ရေးစခန်းသုံးခုကို ဖွင့်လှစ်ထားပြီး အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၆ စုမှ ပြည်သူ ၁၂၀ အတွက် အစားအသောက်များကို တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဩဂုတ် ၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ငဝန်ရပ်ကွက် ဇေတဝနာရာမဆရာတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၆ စုမှ ပြည်သူ ၁၂၀ အတွက် လူတစ်ဦးလျှင် ဆန်နို့ဆီဘူး ခြောက်ဘူးနှင့် အိမ်ထောင်စုတစ်စုလျှင် ငါးသေတ္တာလေးဘူးစီကို သုံးရက်စာ လတ်တလောရိက္ခာအနေဖြင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ငဝန်မြစ်ရေသည် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီ တွင် တိုင်းထွာချက်အရ ၃၀ ဒသမ ၃၅ ပေ ရှိနေပြီး ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ဒသမ ၃၅ ပေ ကျော်လွန်နေသဖြင့် ငါးသိုင်းချောင်းမြို့ပေါ် ရှေ့ဆောင်ရပ်ကွက်နှင့် ငဝန်ရပ်ကွက်တွင် ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်ထားရှိကာ ဒေသခံပြည်သူများမှာ အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။



ရေဝင်ရောက်နေသဖြင့် ပိတ်ထားရသော စာသင်ကျောင်းတစ်ကျောင်း

လတ်တလောအချိန်၌ ငါးသိုင်းချောင်းမြို့တွင် မြစ်ရေမှာ ဆက်လက်၍ တိုးလျက်ရှိရာ ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ အိမ်ခြေပေါင်း ၉၈၀၀ ခန့်မှာ ရေဝင်ရောက်ခြင်းခံနေရပြီး အဆိုပါအိမ်ထောင်စုများ လူဦးရေ လေးသောင်းနီးပါးမှာ ရေဝင်နေသောကျေးရွာများတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

မြစ်ရေ ဆက်လက်မြင့်တက်လာပါက သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းများသို့ အချိန်မီပြောင်းရွှေ့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားပြီး အဆိုပါဒေသများရှိ အခြေခံပညာကျောင်း ၂၆ ကျောင်းကို ယာယီပိတ်ပေးထားကြောင်း၊ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေသော်လည်း ငဝန်ရေကာတာ ကြံ့ခိုင်မှုအခြေအနေမှာ လက်ရှိအချိန်အထိ ကောင်းမွန်နေဆဲဖြစ်ကြောင်း သိရသည်။

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဆင့်ဆင့်၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်နှင့် မြို့အဆင့် အဖွဲ့အစည်းပေါင်းစုံပါဝင်သော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီတစ်ရပ် အမြန်ဆုံးဖွဲ့စည်းလျက် အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိအချိန်အထိ ရေဝင်ရောက်နေသော်လည်း ဒေသခံပြည်သူများမှာ ပုံမှန်ဆက်သွယ်သွားလာလျက်ရှိနေကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## သတင်းတိုများ

### တမူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်ပေး

တမူးမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ခရိုင်ရဲတပ်ဖွဲ့က ဦးစီး၍ သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၆ ရက်က စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တမူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင့်ဝေ ဦးဆောင်၍ အမှတ်(၇)မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးစိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၃၃၉)သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၇ ဦးက ပြည်သူ့ဆေးရုံအတွင်းရှိ အမှိုက်များကိုရှင်းလင်းခြင်း၊ ချုံနွယ်များနှင့် မြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

### ကျေးရွာများတွင် မူးခင်းကျဆင်းရေး မြို့နယ်ရဲတပ်ဖွဲ့က ကွင်းဆင်းပညာပေး

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်း ကျေးလက်ဒေသများမှ တိုင်းရင်းသားပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားစေရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဟားခါးမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကျေးရွာများသို့ နယ်လှည့်ကွင်းဆင်း၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ဘွာလ်တပ်ကျေးရွာအုပ်စု နေပြည်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေးဆိုင်ရာများဖြစ်သည့် လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဒေသခံပြည်သူများအား ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြည်ဝင်းက ရှင်းလင်းဟောပြောခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ချင်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုး

ဟားခါးမြို့ရှိ ဇေတဝန်တောရစာသင်တိုက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များကို ချင်းပြည်နယ် ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၆ ရက်က ခုတ်ထွင်ရှင်းလင်းပေးကြပြီး သစ်ပင်များလည်း စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ စုပေါင်းသစ်ပင်စိုက်ပျိုးရာတွင် ဟားခါးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလုရီနှင့် ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင် ၄၈ ဦးက အရိပ်ရ လေကာပင်များဖြစ်သည့် တောင်ဇလပ်၊ ရေသင်းဝင်နှင့် ချယ်ရီပျိုးပင် စုစုပေါင်း အပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောင်းပြင်ပမူလတန်းပညာရေး ရှစ်နှစ်တာကာလအတွင်း ကလေးပေါင်း ငါးသောင်းခွဲခန့် ပညာသင်ယူခွင့်ရ

**မုံရွာ ဩဂုတ် ၉**

ကလေးများ ဆင်းရဲ၍ပညာမတတ် ပညာမတတ်၍ ဆင်းရဲရသော အဆိုးသံသရာမလည်ရအောင် ပြည်တွင်း အလှူရှင်များ၊ ယူနီဆက်ဖ်၊ ပညာရေးဝန်ကြီးဌာန (MOE)နှင့် ယူနက်စကိုတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ကျောင်းပြင်ပမူလတန်းပညာရေး(NFPE)ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ ဖော်ဆောင်သင်ကြားခဲ့ရာ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ရှစ်နှစ်တာကာလအတွင်း ကလေးပေါင်း ၅၄၁၈၁ ဦး ပညာသင်ယူခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျောင်းပြင်ပ မူလတန်းပညာရေးကို ၁၉၉၈ ခုနှစ်က MOE-UNESCO-UNDP Project နဲ့ စတင်ခဲ့တာပါ။ တကယ်တမ်း အရှိန်ရလာတာက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်က ယူနီဆက်ဖ်က ငါးမြို့နယ်နဲ့စလိုက်တာ နောက်နှစ်တွေမှာ ယူနီဆက်ဖ်၊ အလှူရှင်နဲ့ ပညာရေးဝန်ကြီးဌာနတို့ပေါင်းပြီး ဆောင်ရွက်ကြတာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ၉၄ မြို့နယ်အထိ တိုးချဲ့သင်ကြားပေးနိုင်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်ကနေ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ဆရာပေါင်း ၅၃၂၂ ဦးက သင်ကြားပေးပြီး မြို့နယ်ကြီးကြပ် ၆၃၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ် ၁၂၅ ဦးတို့က ရှစ်နှစ်တာကာလအတွင်း ကြီးကြပ်ဆန်းစစ်တာတွေကို လုပ်ခဲ့ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးကို သင်ကြားပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် လုံးဝပညာမသင်နိုင်ခဲ့သူ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးငယ်များကို သင်ကြားပေးသည့်အပြင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်နိုင်ခဲ့သော ကလေးများ၊ ကျောင်းချိန်တွင် ကျောင်းမတက်နိုင်ဘဲ မိသားစုတာဝန်ကိုယူ၍ အလုပ်လုပ်ပြီး ရုန်းကန်ဖြေရှင်းနေရသော ကလေးများအပြင် မိဘဆွေမျိုးမဲ့ကာ ဘဝအတွက် ခက်ခဲစွာ ဖြေရှင်းနေရသူကလေးများနှင့် ဘေးအန္တရာယ်များကြား ပညာသင်ခွင့်ဝေးနေရသူ ကလေးငယ်များအတွက် ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်းပေးသည့်အနေဖြင့်လည်း သင်ကြားပေးကြောင်း သိရသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးကို အကောင်အထည်ဖော်သင်ကြားရာတွင် သင်ယူချိန်ကို နှစ်နှစ်သတ်မှတ်ထားပြီး ပထမနှစ်(ပထမဆင့်)သည် မူလတန်းအောက်ဆင့်နှင့်ညီပြီး ဒုတိယနှစ်(ဒုတိယဆင့်)သည် မူလတန်း အထက်ဆင့်နှင့်ညီကြောင်း၊ တစ်နေ့လျှင် စာသင်ချိန် နှစ်နာရီခွဲဖြင့် တစ်ပတ်လျှင် ခြောက်ရက် သင်ကြားရာ တစ်နှစ်လျှင် စာသင်ရက်ပေါင်း ၂၀၄ ရက်နှင့် စာသင်ချိန် စုစုပေါင်း ၅၁၀ နာရီရှိသည်။

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေ၊ ဝင်ငွေတိုး၊ ရပ်ရွာဒေသ လူမှုရေးဖွံ့ဖြိုးမှုနှင့် လုပ်ငန်းစာအုပ်တို့ကို သင်ကြားပေးပြီး အထွေထွေဘာသာရပ်တွင် အခြေခံသိပ္ပံ၊ ပထဝီဝင်၊ သမိုင်း၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကာယနှင့်အားကစားတို့ ပါဝင်ကြောင်း သိရသည်။ ဒေသနှင့်ကိုက်ညီသော ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်နှင့် ရပ်ရွာဒေသ လူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် လူမှုဖွံ့ဖြိုးရေးအသိများ တိုးစေပြီး လူသားဘဝတိုးမြင့်စေကြောင်း၊ ရှစ်နှစ်တာကာလအတွင်း သင်ကြားမှုကို ချဉ်းကပ်ရာတွင် သင်ယူသူကလေးကိုယ်တိုင် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေပြီး တီထွင်ဆန်းသစ်မှု၊ အုပ်စုဖွဲ့သင်ကြားမှု၊ သင်တန်းသားကိုယ်တိုင် လက်တွေ့ပါဝင်လေ့လာသင်ယူမှု၊ သင်ထောက်ကူအသုံးပြုမှုနှင့် လက်တွေ့သင်ပြမှုတို့တွင် တိုးတက်စေသလို အလွတ်ကျက်မှတ်သင်ယူမှုထက် သင်ယူသူ၏ နားလည်မှု၊ အသုံးချတတ်မှု၊ တွေးခေါ်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှုတို့ဖြင့် လိုအပ်ချက်အလိုက် သင်ကြားပေးကြောင်း သိရသည်။

ကျောင်းပြင်ပမူလတန်းပညာရေးအတွက် ပြည်တွင်းအလှူရှင်များက ကျပ် ၁၉၃၆ ဒသမ ၆၆သန်း၊ ယူနီဆက်ဖ်က ကျပ် ၂၃၅၉ ဒသမ ၃၄သန်း၊ ပညာရေးဝန်ကြီးဌာနက ကျပ် ၄၃၉ ဒသမ ၆၉ သန်း၊ ပြည်သူများက ၆၁၉ ဒသမ ဝ၆သန်းနှင့် ယူနက်စကိုက ကျပ် ၃ ဒသမ ၆၈ သန်း လှူဒါန်းထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် မူးယစ်ဆေးဝါးတားဆီးရေး ဟောပြောပွဲပြုလုပ်

**ကလေး ဩဂုတ် ၉**

ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာ၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည်။

ကျေးရွာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်ကို ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းနှင့် ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အကျင့်စာရိတ္တများ ပျက်စီးပြီး လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပုံနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာလျှင် လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်မူးယစ်အထူးတပ်ဖွဲ့ ဒုတိယရဲမှူး အယ်လ်ခမ်းအောင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို အသေးစိတ်ဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေးဆိုင်ရာများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဟောပြောခဲ့ကြသည်။

**ချင်းတွင်းသား**

# လက်တူးရေတွင်း တူးဖော်ပြီးစီး၍ လွှဲပြောင်းပေးအပ်

**ဗန်းမော်က် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လယ်နက်ကြီးကျေးရွာအုပ်စု နားယကာကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ တူးဖော်ခဲ့သောရေတွင်း ပြီးစီးသဖြင့် ဖွင့်ပွဲကို ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကေသာမောင်တို့က ရေတွင်းတူးဖော်ရန် မြေနေရာလှူဒါန်းသည့် နားယကာကျေးရွာနေ ဦးထွန်းအေး မိသားစုနှင့် ရေတွင်းကော်မတီဥက္ကဋ္ဌ ဦးအောင်အောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လုပ်ငန်းလွှဲပြောင်းစာရွက်စာတမ်းများကို ပေးအပ်ခဲ့သည်။

ရေတွင်းမှာ အနက် ပေ ၄၀၊ အချင်းလေးပေရှိ ကွန်ကရစ်ခွေချ လက်တူးရေတွင်းဖြစ်ပြီး ရေတွင်းနှင့်အတူ ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တစ်ခု၊ အင်ဂျင်တစ်လုံးနှင့် ရေမော်တာတစ်လုံးတို့ကိုလည်း တပ်ဆင်ပေးခဲ့ကာ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀စီမံချက်ကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၄၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

# အလှူရှင်များစုပေါင်း၍ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်များလှူဒါန်း

**ကသာ ဇူလိုင် ၉**

ကသာမြို့မှ ရေဘေးသင့်အိမ်ထောင်စု ၁၇၀ အတွက် မြို့နယ်အတွင်းမှ ပရဟိတစိတ်ထားရှိသူများ စုပေါင်းပြီး ဩဂုတ် ၆ ရက်က ဆန်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် အမှတ်(၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းခိုင် မိသားစုက တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်း၊ ဦးမြင့်စိန်မိသားစု(ခိုင်မင်းခန့်စိုးကုမ္ပဏီ)က တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းနှင့် အွန်လိုင်းချစ်သူများအဖွဲ့က တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၁၇၀ အတွက် တစ်စုလျှင် ဆန်ငါးပြည်နှုန်းစီ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ငွေအိုး(ကသာ)**



## တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**တောင်ငူ ဩဂုတ် ၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းတိုက်၌ ဩဂုတ် ၆ ရက်က ပြုလုပ်ခဲ့ရာ ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြ ဆရာဆရာမများ တက်ရောက်ကြပြီး နဂါးရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးက ဩဝါဒကထာ မိန့်ကြားသည်။

ထို့နောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း နည်းပြဆရာ ဦးထွန်းလင်းက ဓမ္မစကူးလ် လုပ်ငန်းများ ရှင်းလင်းတင်ပြပြီး မိုဘိုင်းဓမ္မစကူးလ်ဆရာတော် ဦးကုမုဒက မြို့နယ် ဓမ္မစကူးလ်ကော်မတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို ရှင်းလင်းမိန့်ကြားကာ ဦးဆောင်ကော်မတီသစ်ကို ဖွဲ့စည်းခဲ့သည်။ တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ သင်တန်းကျောင်း ၂၂ ကျောင်း ဖွင့်လှစ်ပြီးဖြစ်ကာ ကျောင်းသား ကျောင်းသူ ၃၇၉၉ ဦးအား ဆရာ ဆရာမ ၁၅၃ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ (၁၁၅)

## သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအကြောင်း ပညာပေးဟောပြော

**မလှိုင် ဩဂုတ် ၉**
မလှိုင်မြို့နယ် မြို့သစ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းသားကျောင်းသူများနှင့် မိဘများအား အောင်ရိပ်သာ ကုမ္ပဏီ အံ့မခန်းအာဟာရအဖွဲ့မှ တာဝန်ခံဦးကိုကိုဇော်က ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း အသိပညာပေးဟောပြောသည်။ လသားအရွယ်နှင့် မူကြိုစထားသည့်အရွယ်တွင် သံဓာတ်အပြည့်အဝမရသည့် ကလေးများ၏ ဦးနှောက်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးခြင်းသည် ပြန်ပြင်၍မရသော အခြေအနေမျိုးဖြစ်သွားနိုင်ကြောင်း၊ ကလေးများ၏ အတွေးအခေါ်စဉ်းစားနိုင်စွမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသောကြောင့် ပညာရေးနိမ့်ကျသွားနိုင်ပြီး သူတို့၏ဘဝတစ်လျှောက်တွင် အသက်မွေးဝမ်းကျောင်းနိုင်စွမ်းကိုပါ ၁၀ ရာခိုင်နှုန်းမက လျော့ကျသွားနိုင်စေကြောင်း၊ ကျောင်းနေအရွယ် ရောက်သည့်အခါတွင်လည်း အိုင်ကျူနိမ့်ကာ ခက်ခဲသည့် သင်ခန်းစာများကို မလိုက်နိုင်ဘဲ ဖြစ်စေနိုင်ကြောင်း ဟောပြောချက်အရ သိရသည်။ ထို့ကြောင့် အသက်ခြောက်လမှ ငါးနှစ်အရွယ်အထိ ကလေးငယ်များအား သံဓာတ် အာဟာရပြည့်ဝစေနိုင်သည့် အစားအစာနှင့် အာဟာရများကို ကျွေးရန်လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မလှိုင်မြို့နယ် ဒုတိယပညာရေးမှူးဦးစောလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး အဆိုပါ ဟောပြောပွဲများကို မလှိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းပေါင်း ၁၃ ကျောင်းတွင်လည်း သွားရောက်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ကျော်ကျော်(မလှိုင်)**

## ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ပေး

**ကွန်ဟိန်း ဩဂုတ် ၉**
ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဓမ္မဝိဟာရဓမ္မာရုံနှင့် ပတ်ဝန်းကျင်တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဌေးအောင်တို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များက မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း ဖွင့်လှစ်မည့် ဓမ္မဝိဟာရဓမ္မာရုံ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။
**နီတိုး**





## ကလေးခရိုင်တွင် ရေကျပြီးနောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကလေး ဩဂုတ် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီးနောက် ယခုအခါ ရေပြန်ကျသွားပြီဖြစ်သည့်အတွက် ရေကြီးချိန်က တင်ကျန်နေသော ရွှံ့နွံများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းကာ ဩဂုတ် ၆ ရက်မှ စတင်၍ မြို့နယ်အလိုက် ဆောင်ရွက်နေကြကြောင်း သိရသည်။

ကလေးဝမြို့ အမှတ်(၃)ရပ်ကွက်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် အမှတ်(၃) ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အမှတ်(၃) ရပ်ကွက် လမ်းဆုံနှင့် ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်ရစ်သော ရွှံ့နွံများကို ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ဆယ်ယူခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကလေးခရိုင်အတွင်းမှ ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော မင်းကင်းမြို့နယ်တွင်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ယု ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဟာမင်းကျောင်းတိုက်ပရိဝုဏ်အတွင်း တင်ကျန်နေသော နုန်းများ၊ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းဆေးကြောခြင်း၊ အမှတ်(၁)ကမ်းနားလမ်းရှိ ရေမြောင်းများတွင် ပိတ်ဆို့နေသည့် ရွှံ့နွံများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **ဂျူနိုင်း**

## မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

**ရမည်းသင်း ဩဂုတ် ၉**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရမည်းသင်းခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ရမည်းသင်းမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သက္ကယ်ကျင်းကျေးရွာ မူလတန်းကျောင်း၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ရမည်းသင်းခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်းကို ဟောပြောပြီး ရမည်းသင်းခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမင်းဟိန်းခန့်(မူခင်း)က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေးဆိုင်ရာများ၊ လူမှောင်ခိုကူးခြင်းဆိုင်ရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကံကြီးကျေးရွာအလယ်တန်းကျောင်း၌လည်း ရမည်းသင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေလင်းအောင်နှင့် ဝန်ထမ်းများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြပွဲကို ပြုလုပ်ကာ ကံကြီးအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စာအုပ်များ ငှားရမ်းပေးခဲ့သလို သရက်ကန်ကျေးရွာမူလတန်းကျောင်းတွင်လည်း မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့သို့ မြန်အောင်မြို့ ရောင်နီစက်ရုံက ဆန်အိတ် ၂၀ လှူဒါန်း

**မြန်အောင် ဩဂုတ် ၉**
မြန်အောင်မြို့နယ်မှ ဆရာတော်၊ သံဃာတော်များဦးဆောင်သော သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့သို့ မြန်အောင်မြို့ ရောင်နီစက်ရုံက ဆန်အိတ် ၂၀ ကို ဩဂုတ် ၇ ရက်က လှူဒါန်းခဲ့သည်။

မြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရန်အတွက် အလှူခံဌာနကို သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့က မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ရွှေမြင်တင်ဘုရားတွင် ဖွင့်လှစ်ထားရာ အဆိုပါအလှူခံဌာနသို့ ဆန်အိတ်များကို လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆရာတော်များနှင့် အထောက်အကူပြု အဖွဲ့ဝင်များက လက်ခံရယူခဲ့ကာ ရေဘေးသင့်ပြည်သူများထံ ဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့တွင် ဩဝါဒါစရိယဆရာတော်များမှာ မြန်အောင်မြို့ ပန်းညိုကွင်းကျောင်း ဆရာတော်၊ လေးမျက်နှာမဟာစည် ဆရာတော်၊ ကြာနီကန်ကျောင်းဆရာတော်တို့ဖြစ်ကြပြီး ဥက္ကဋ္ဌအဖြစ် ကံလှကျောင်းဆရာတော်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဝေဠုဝန်ကျောင်းဆရာတော်တို့က ဆောင်ရွက်ကာ စီမံခန့်ခွဲရေးအဖွဲ့ဆရာတော်ခြောက်ပါး၊ ဘဏ္ဍာရေးအဖွဲ့ဆရာတော်သုံးပါးနှင့် အထောက်အကူပြုအဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။**ဝင်းဗိုလ်(မြန်အောင်)**

## မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ အသိပညာပေးဟောပြော

**ညောင်ရွှေ ဩဂုတ် ၉**
မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များအကြောင်းနှင့် အမျိုးသမီးများ သိထားသင့်သည့် ဥပဒေများ၊ ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပခဲ့ သည်။

ဟောပြောပွဲတွင် ပြည်နယ်ပညာရေးမှူး( စစ်ဆေးရေး ) အငြိမ်းစား ဆရာမကြီး ဒေါ်လှဌေးက မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြမဉ္ဇူကျော်က လူမှောင်ခို၊ လူကုန်ကူးနှင့် အမျိုးသမီးများအား ကာကွယ်သည့်ဥပဒေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာဇင်နကသားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မြို့နယ်အတွင်း ရပ်ကွက်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**သတင်းတို**

## ကမ်းပြို၍ ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများအား ထောက်ပံ့

ပန်းတနော်မြို့နယ်အတွင်း ကသာဝင်ကျေးရွာအုပ်စု၊ ရေဘော်ကြီးကျေးရွာအုပ်စုနှင့် တုးချောင်းကျေးရွာအုပ်စုများတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် နေရာရွှေ့ပြောင်းနေထိုင်ရသည့် အိမ်ခြေ ၁၀၂ အိမ်မှ ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ်နှစ်သောင်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းငါးမျိုးစီကို ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၅ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ကျေးလက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဇူလိုင်လ နောက်ဆုံးပတ်က တောင်ကုတ်မြို့နယ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများက တောင်ကုတ်မြို့နယ်အတွင်းရှိ မီးချောင်းထိုးရွာ၊ ဒုံရွာ၊ ရန်ခေါ်ရွာ၊ ကိုင်းရှည်ရွာစသည့် ကျေးရွာများသို့ ကွင်းဆင်း၍ နံရံကပ်ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ (ပြန်/ဆက်)

## ရေဝင်နစ်မြုပ်အိမ်ထောင်စုများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး



ရေသန့်ဆေးပြားအသုံးပြုနည်း လက်တွေ့ရှင်းပြစဉ်

**အင်္ဂပူ ဩဂုတ် ၉**

အင်္ဂပူမြို့နယ် အင်ပင်ကုန်းကျေးရွာအုပ်စုအတွင်းမှ မြစ်ရေဝင်ရောက်နေသော ကျေးရွာတစ်ခုဖြစ်သည့် ကျားသေကျေးရွာမှ ပြည်သူများအား အင်္ဂပူမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဩဂုတ် ၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

